


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# လောကအပြင်ဘက်ထွက်မှ
# နိဗ္ဗာန်ရမယ်

( ၁၅ ၊ ၂ ၊ ၆၂ )

၁၁၆

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# လောကအပြင်ဘက်ထွက်မှ နိဗ္ဗာန်ရမယ် (၁)

(၁၅-၂-၆၂)

လောကကြီးထဲမှာ နေတဲ့ ပုဂ္ဂိုလ်ဟူသရွေ့သည်။ လောကဆိုတဲ့ ဥစ္စာမှာ လောကီကိုဆိုသည်လို့ မှတ်ထားရမယ်။ လောကီဟူသရွေ့ကို လောကလို့ မှတ်ထားကြပါ။

လောကုတ္တရာဆိုတာက လောက၏ အပြင်ဘက်မှာ ကျေးဇူးပြုတဲ့ တရား၊ နေတဲ့တရားကို ဆိုသည်။

## လောကုတ္တရာကိုးပါး

ကျေးဇူးပြုတဲ့ တရားလည်းအတူတူပဲ လောကုတ္တရာ။ လောကပြင်ဘက်မှာနေတဲ့ နိဗ္ဗာန်လည်း လောကုတ္တရာပဲ။

ဒါကြောင့် လောကုတ္တရာတရား ကိုးပါးလို့ ဆိုထားတယ်။

မဂ္ဂင်ရှစ်ပါးနှင့် မဂ်လေးတန်၊ ဖိုလ်လေးတန်နှင့် နိဗ္ဗာန်ကို လောကုတ္တရာတရား ကိုးပါးလို့ ခေါ်သည်။

အဲတော့ အခုဖြစ်နေတဲ့ ဖြစ်ထွေတွေကို သေသေချာချာ စစ်ကြည့်လို့ရှိရင်ဖြင့် လောကလည်း နားမလည်ကြဘူး။ လောကီလောကကိုလည်း နားမလည်၊ လောကပြင်ဘက်မှာ ဟောတတ်တဲ့တရား၊ ရှိတဲ့တရားဆိုတဲ့ လောကုတ္တရာတရားကိုလည်း နားမလည်ကြဘူး။

ဒါကြောင့် ယခုအခါ ဘယ်လိုဖြစ်နေတုံးလို့ မေးဖို့လိုတယ်။ ရှေးဦးစွာ ဒီဒကာ ဒကာမတွေက လောကဆိုတဲ့ ဥစ္စာ။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတွေက မေးလို့ လောကောလောကောတိ ဘန္တေဝုစ္စတိ ကိတ္တာဝတာ နုခေါ ဘန္တေလောကောတိဝုစ္စတိ၊ လောကဆိုတာ ဘာဆိုပါသတုံး ဘုရားလို့ ရဟန်းတွေက မေးတဲ့အခါကျတော့ လုဇ္ဇနပလုဇ္ဇနဋ္ဌေန လောကောကွ ခဏခဏဖြစ်၊ ခဏခဏ ပျက်နေတာ အဲဒါ လောကကြီးမှတ်။

## လောကဆိုတာ

အဲတော့ ဒီဒကာဒကာမတွေကကော လောကဆိုတာသည် ဖြစ်မှုပျက်မှုကို ဆိုတာပါလား၊ ဖြစ်မှုပျက်မှု ရှိတဲ့တရား၊ ဖြစ်မှုပျက်မှုနဲ့ ကြုံနေတဲ့တရား။ ဖြစ်မှုပျက်မှုနဲ့ မကင်းတဲ့တရားကို လောကလို့ ဆိုတယ်လို့ မှတ်ထားရမယ်။

လောကုတ္တရာဆိုတဲ့ တရားကတော့ လောက၏ ပြင်ဘက်ကို ကျေးဇူးပြုတဲ့တရားကို ဆိုတယ်။ ဒါက ဘာတုံး၊ မဂ်လေးခု၊ ဖိုလ်လေးခုလို့ မှတ်ပါ။

တနည်း၊ နိဗ္ဗာန်ကိုလည်း လောကုတ္တရာလို့ဆိုတယ်။

အဲဒါကတော့ လောကကြီး ပြင်ဘက်မှာရှိတယ်၊ ဒါဖြင့် လောကသည် လောကီ။ လောကုတ္တရာဆိုတာသည် လောက၏ အပြင်ဘက်မှာ ရှိတယ်လို့ မှတ်ထားရမယ်။

ကောင်းပြီ ဒါဖြင့်၊ လောကထဲမှာဖြင့် ဖြစ်မှုပျက်မှု ရှိသောကြောင့် ဒုက္ခသစ္စာသာ ရှိတယ်။

## လောကုတ္တရာဆိုတာ

လောကုတ္တရာဆိုတာကတော့ဖြင့် ဖြစ်မှုပျက်မှု ချုပ်ငြိမ်း အဖြစ်ချုပ်ငြိမ်း၊ အပျက်ချုပ်ငြိမ်းလို့ ရုပ်သိမ်းလို့ နိဗ္ဗာန်တစ်ခုဟာဖြင့် လောကုတ္တရာအစစ်ပဲလို့ ဆိုတာ မှတ်ထားရမယ်။

ဒီအလုပ်ထဲ ဘယ်လိုပြန်ပြီးသကာလ ဖေါ်ဖို့ရာ ဘယ်လိုစိတ်ကူးရပ့ါမလဲ ဆိုတဲ့ဥစ္စာ၊ နဂိုကလုပ်နေတဲ့ လောကလည်း သူကောင်းကောင်း နားမလည်ဘူး။

အခုပြန်ဝင်ချင်တဲ့ စိတ်ကလည်း တပင်တပန်းကြီး ဖြစ်ပြီးသကာလ နေတာလည်း ဘယ်သွားမလို့ ဆိုတာလည်း သူမသိဘူး။

စစ်စစ် ဒီဒကာ ဒကာမတွေက သတိထားဖို့က နဂို လုပ်နေတဲ့ လူ့လောက လိုင်စင်ရနေလို့ ရောင်းဝယ်နေတဲ့ လောကကလည်း ဖြစ်မှုပျက်မှုပဲ ဒုက္ခသစ္စာလုပ်နေတာပဲ။

ဒီဒုက္ခသစ္စာကြီးကို အဆက်ဖြတ်လိုက်တဲ့အတွက် မကျေနပ်တော့ နောက်ဒုက္ခသစ္စာဘယ်လိုရှာရပ့ါမလဲလို့ ဆိုတာ တိုက်ပွဲဆင်တဲ့ ဥစ္စာ နောက်ဒုက္ခရှာတာပဲလို့ မှတ်ရမယ်။

တိုက်ပွဲဆင်တာ ဘာပါလိမ့် (နောက်ဒုက္ခရှာတာပါ) နောက်ဒုက္ခရှာတာ အရင်ဒုက္ခလက်လွတ်သွားတာ နောက် ဒုက္ခမရှိရင် ခက်ချေရဲ့။

အင်း . . . ပုထုဇဉ် မှန်သမျှ လောကဒုက္ခ၊ လောက ဟာ ဒုက္ခပဲဆိုတဲ့ဉစ္စာကို နားကိုမလည်ဘူး၊

## ဒုက္ခသစ္စာသိဖို့ခက်တယ်

ဒါကြောင့် ခဏခဏပြောနေတယ် ဒုက္ခသစ္စာသိဖို့ ခက်တယ်ဟော့ဆိုတော့ မှန်သွားပါပြီတဲ့။

လောကအရင် လုပ်နေတာလဲ သူ၊ လောကတရား ဒုက္ခသစ္စာအစစ် ဒီလောကတရားကြီးထဲက မင်းသည်ကားလို့ ဆိုရင် ဒီလိုပဲ လောကဓံတွေနဲ့ သိမ်းလိုက်ဆည်းလိုက်၊ သိမ်းလိုက်ပေးလိုက် ပေးလိုက်ရင်ပျော်နေပြီး သိမ်းလိုက်ရင် မဲ့ရတယ် ပေးလိုက်ရင်ပျော်တယ်။

လောကဓံတည်းဟူသော အနတ္တတရားကြီးက ပုဂ္ဂိုလ်သတ္တဝါ စိတ်ဒုက္ခကို တိုက်နေတယ်။

မလုပ်ပဲ နေတာကိုပင်လျှင် ဩော် . . . လောကထဲ နေ ဒီလိုပဲ ဒုက္ခရောက်မှာပဲဆိုတဲ့ ခန္ဓာ့ဒုက္ခ၊ အခုဖြစ်ပျက် နေတဲ့ ဒုက္ခသစ္စာကို သူတို့ အသိအမှတ်မပြုတော့ဘူး။

ဒီလောကတရား၊ လိုင်စင်ရတဲ့ လောကတရားထဲက အပြင်ဘက်ထွက်ရတော့မယ်ဆိုတော့ မကျေမနပ်ပွဲကြီး ဖြစ်ပြီးသကာလနေတာဟာ ဘယ်သဘောပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ လောကပြင်ဘက် ထွက်ရမှာ စိုးရိမ် လွန်းလို့ လောကထဲ ဘယ်လိုပြန်ဝင်ရပါ့မလဲ။

## လောကကို နားမလည်တဲ့ပုဂ္ဂိုလ်

လက်ရှိဒုက္ခလွတ်သွားပြီ၊ နောက်ဒုက္ခဘယ်လိုရှာရပါ့မလဲလို့ ဒုက္ခကို ပြောင်းပြီးသကာလ လိုချင်တာကိုပင်လျှင် ဒုက္ခကို မသိတဲ့အတွက် ဝမ်းနည်းခြင်း၊ အကြံအစည် ထုတ်ခြင်း၊ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေနဲ့ တိုက်ခိုက်ပြီးသကာလ၊ ပြောမှု ဆိုမှုအလုပ်ကို လုပ်ခြင်းသည် လောကကို နားမလည်တဲ့ ပုဂ္ဂိုလ်တွေ၏ ဖြစ်ထွေပဲလို့ အစ်မတို့ မှတ်ထားရမယ်။

လောကကို နားမလည်ဘူး၊ ပထမတုံးက လောကလည်း နားမလည်ဘူး၊ ဒုတိယ သူတောင့်တတဲ့ ဒုက္ခသစ္စာလည်း သူနားလည်ရဲ့လား (နားမလည်ပါဘုရား)။

အဲဒီမလည်မှုကြောင့် လောကီဥပမာပြောကြပါစို့ ဆိုရင်ဖြင့် ဖြစ်တတ်ပျက်တတ်တဲ့ အထဲမှာနေတဲ့ဥစ္စာ၊ ဒီဖြစ်တတ်ပျက်တတ်တဲ့အထဲက လွတ်အောင်လို့ လောကခံတွေက၊ လိုင်စင်တွေ ရုပ်သိမ်းလိုက်တယ်။ ရုပ်လိုက်ကြတော့ဟေ့။

ဆိုပြီးသကာလ၊ လောကပြင်ဘက်ထွက်ကြဟေ့ဆိုပြီး တရားဟောတာပဲ ဒါရုပ်သိမ်းလိုက်တာ။

သို့သော် လောကသမားက လောကထဲက၊ လောကကို ဒုက္ခသစ္စာလို့ မသိတဲ့အတွက် မကျေနပ်နိုင်ဘူး၊ ဒီဥစ္စာ ပြန်ရမှ အေးမယ်။

ဒါဖြင့် ဒုက္ခရှိနေတဲ့အထဲက ဒုက္ခလက်လွတ်သွားရင် ဒုက္ခပြန်ရမှ အေးမယ်ဆိုတဲ့ဥစ္စာသည် လောကမသိတဲ့ ပုဂ္ဂိုလ်၏ တိုက်ပွဲဆင်လုံးလို့ မှတ်ရမယ်။ အင်မတန် ကြောက်စရာကောင်းတယ်လို့ မောင်ချစ်ဆွေတို့ မှတ်ရမယ်။

လက်ရှိ ဒုက္ခလည်းမသိ လက်မဲ့ဒုက္ခလည်း တောင့်တဆိုတော့ ဩော် ဒုက္ခသစ္စာ ဒုဗ္ဗညေယျ အင်မတန်သိနိုင်ခဲတဲ့ တရားဆိုတာ အစ်မတို့အင်မတန် မှန်သွားပြီ။

## ဒုက္ခနဲ့ခွဲရလို့ မကျေနပ်တာ

အရင်ဒုက္ခနဲ့ အရောင်းအဝယ်အဆင်ပြေနေတာလည်း ဒုက္ခရောက်နေတာ၊ ထစ်ခနဲ အခြေအနေပြင်လိုက်တော့ အရောင်းအဝယ်လည်း အဆင်မပြေတာလည်း ဘာကြောင့်အဆင်မပြေပဲဖြစ်သွားရပါလိမ့်မလဲ . . . ဒုက္ခနဲ့ ခွဲရလို့ မကျေနပ်နေလို့။

ဒုက္ခရမှ ကျေနပ်မယ်ဆိုတဲ့စိတ် ပေါ်လာလို့သာလျှင် ဒီစိတ်မျိုး တိုက်ပွဲဆင်တဲ့အလုပ်မျိုးကို လုပ်တာပဲဆိုတာ အထူးသဖြင့် သေချာပါတယ်။

ဒါဖြင့် ဒီဒကာဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် လောကကိုလည်း ဒုက္ခသစ္စာပဲလို့ နားမလည် လောကထွက်ကြောင်းကို သံဝေဂသဘောနဲ့ ကဲ လောကထဲက

ထွက်တော့ကွာ မင်းနဲ့ ဒီဉစ္စာ အခုပေးလိုက် အခုရုပ်သိမ်းလိုက် အနတ္တကွ မပိုင်ဘူးလို့ အနတ္တတရားလာရင် တစ်ခါတည်း ဒေါမနဿ ဖြစ်ပါတယ်။

အနတ္တတရား လောကဓံလာလို့ရှိရင်ဖြင့် ပုဂ္ဂိုလ်တွေဟာ တစ်ခါတည်း လောကပြင်ဘက်ကို တရားသာထုတ်ပြောသော်လည်း လောကထဲပြန်မဝင်ရတဲ့အတွက် ဒုက္ခသစ္စာတစ်မျိုးဒုက္ခသစ္စာပြောင်းတယ်။

အရင်တုန်းကတော့ကို ကာယိကဒုက္ခ၊ အရင်လုပ်နေတုန်းက ကိုယ်၏ဆင်းရဲမှုနဲ့ လုပ်နေတာ အဲဒါတောင်အိပ်ရေးမပျက်ဘူး။ လိုင်စင်ရတုန်းက မရပြန်တော့စေတသိက ဒုက္ခဖြစ်တယ်။

အလုပ်လုပ်တုန်းကလည်း ကာယိကဒုက္ခမို့ ဒုက္ခသစ္စာလို့ မသိခဲ့ဘူး။ လိုင်စင်တွေသိမ်းလိုက်တော့ စိတ်ဒုက္ခရောက်တဲ့ စေတသိကဒုက္ခလည်း သူမသိပါဘူး။

## မှောင်ထဲမွေးပြီး မှောင်ထဲသေမည့်ပုဂ္ဂိုလ်

ဒုက္ခနှစ်ချက်စလုံးကို မောင်ချစ်ဆွေမသိပဲ ဖြစ်နေတယ်။ မသိတော့ သူသည် ဩော် . . . မှောင်ထဲမွေးပြီး။ မှောင်ထဲသေမည့် ပုဂ္ဂိုလ်ထဲအပါအဝင်ပဲဆိုတာ ဆုံးဖြတ်ချက် ချရမယ်။

မှောင်ထဲမွေး၊ မှောင်ထဲသေဆိုတဲ့ဥစ္စာ အရမ်းပြော နေတယ်လို့ မဆိုပါနဲ့၊ ပထမဒုက္ခရောက်နေတာလည်း ကိုယ် မသိပါဘူး လိုင်စင်ရတုန်းက ဒုက္ခရောက်နေတာကို။

လိုင်စင်သိမ်းလိုက်လို့ ဒုက္ခရောက်နေတာကိုလည်း ဒုက္ခလို့ချင်မှု ပြန်ရှိနေတဲ့အတွက် လာမည့်ဒုက္ခဟာ ရမှ အေးမယ်ထင်ပြီးသကာလ ဒုက္ခကို အေးမယ်ထင်တာလည်း လာမည့်ဒုက္ခ မသိတာပဲ။

ဒါဖြင့် မမြဲတုန်းကလည်း ဒုက္ခကို သူမသိ နောက် လာမှာလည်း တကယ်လို့ ကံကောင်းအကြောင်းသင့်လို့ တိုက်ပွဲ၊ အောင်ပွဲယူလို့ တနည်းတဖုံ ပြောင်းပေးလိုက်ပြန် လည်း ဒုက္ခပဲရမှာပဲ။

အဲဒီဒုက္ခကိုလည်း ဒုက္ခရောက်လိမ့်မယ်လို့ မသိ သောကြောင့် လုဋ္ဌနပလုဋ္ဌနေ့နလောကောဆိုတဲ့ လောကထဲ မှာနေပြီး လောကထဲပဲ ပြန်ဝင်တာပဲ ဒီပုဂ္ဂိုလ်ဟာ ဒုက္ခ ရောက်ပြီး ဒုက္ခပဲပြန်ပြီးတောင့်တ,တာပဲ။

ပြန်တောင့်တ,တဲ့ဒုက္ခကိုရတယ်။ အဲဒီဒုက္ခနဲ့ ခွဲပြန်တော့ ဒုက္ခပြန်တောင့်တ,တယ်။ ဒုက္ခပြန်တောင့်တ, တော့ ဒုက္ခရောက်မှာပဲ။

ဒါဖြင့် ပထမရနေတာက ဒုက္ခသစ္စာ တောင့်တ, တာက သမုဒယသစ္စာ ပြန်ရတာက ဒုက္ခသစ္စာ၊ နောက် တစ်ခါ ဒီဒုက္ခ ရုပ်သိမ်းလိုက်ပြန်တော့ သမုဒယသစ္စာ ပြန်ဖြစ်တယ်။

ဒါဖြင့်သူ့မှာ၊ ဒီကုန်သည်တစ်စုမှာ ဘာဖြစ်နေသတုံး ဆိုတော့ ဒုက္ခ၊ သမုဒယ၊ လှည့်နေတယ်လို့၊ ပဋိစ္စ သမုပ္ပါဒ် အဝိုင်းကြီးအတိုင်းပဲ ပေါ့ရတော့မှာပဲ။

ရ ထားတာလည်း ဒုက္ခသစ္စာ၊ နောက်တစ်ခါ စိတ်ပျက်ပြီး သကာလ ရကြောင်းတောင့်တ,တာက သမုဒယ သစ္စာ တောင့်တ,တာ တနည်းလွဲရပြန်တယ်၊ အဲဒါက ဒုက္ခသစ္စာ။

အဲဒါ ပြန်ရုပ်သိမ်းပြန်တော့ နောက်ဒုက္ခ မရဘူး၊ မရပြန်တော့ ကြိုးစားပြန်တော့ ရပြန်တာပဲ။

## သံသရာအဝိုင်းပြေး၊ ပြေးနေတဲ့ပုဂ္ဂိုလ်

ကုန်ပြောင်းပြီး လုပ်လိုက်ပြန်တော့ ရပြန်တာပဲ၊ ရပြန်တာလည်း ဒုက္ခသစ္စာ၊ ဒါကြောင့် ဒုက္ခတလှည့် သမုဒယ တလှည့် ဒုက္ခတလှည့် သမုဒယတလှည့်။

သံသရာအဝိုင်းပြေး ပြေးနေတဲ့ပုဂ္ဂိုလ်တွေထဲ အပါ အဝင်ပဲဆိုလို့ရှိရင် ငြင်းနေဖို့မလိုပါဘူး အမှန်ဖြစ်ပါတယ်။ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် လောကကြီးကတော့ဖြင့် ခဏခဏ ပေးလိုက် အပြုံးခိုင်းလိုက်၊ ရုပ်သိမ်းလိုက်၊ အမဲ့ခိုင်းလိုက်၊ အပြုံးခိုင်း လိုက်၊ အမဲ့ခိုင်းလိုက်။

အပြုံးခိုင်းတာကိုပင် သူတို့အကောင်းထင်တာပဲ၊ အမဲ့ခိုင်းတာကိုပင် သူတို့မကျေနပ်တာပဲ။

အပြုံးခိုင်းလိုက်လို့ သမုဒယသစ္စဖြစ်တာပဲ။ သိမ်းလိုက်တဲ့အခါကျတော့ မဲ့နေတာလည်း ဒုက္ခသစ္စာ ဖြစ်တယ်။

နောက်တစ်ခါ ပြုံးအောင် ကလေးအငိုတိတ်အောင် ချော့လိုက်ပြန်တော့လည်း သမုဒယသစ္စာဖြစ်တယ်။

အဲဒီသမုဒယနဲ့ ဒုက္ခလှည့်နေတာဟာ လူတို့၏ အလုပ်၊ ဒါကြီးပွားရေးလို့ ထင်လိုက်တယ်။ ကြီးပွားရေးလို့ ထင်လိုက်ပါတယ်တဲ့။

ဒါတကယ့် ကြီးပွားရေးလားဆိုတော့ မီးနဲ့လောင်စာ လှည့်နေတာပါ သမုဒယကမီး ဒုက္ခကထင်းလောင်စာ။

ထင်းလောင်စာလှည့်နေတဲ့ဥစ္စာကို လောင်စာလှည့်ရင် ငိုတယ်။ လောင်စာပျောက်ရင် ငိုတယ်။

## ထင်းနဲ့မီး လှည့်နေတယ်

ကျုပ်တော့အလုပ်လက်မဲ့ဖြစ်ပြီ လောင်စာတွေ မရှိတော့ဘူး။ ဒါဖြင့် ရှာမှပဲဆိုပြီးသကာလ ချက်ချင်းပဲ မီး ပေါ်လာတယ်။ မီးပေါ်လာတော့ အထိုက်အလျောက်ပဲ။ ဒီကုန်မကောင်း ဟိုကုန်ပြောင်းရပြန်တော့ ထင်းရပြန်တာပဲ။

ထင်းရပြန်တဲ့အခါကျတော့ ထင်းထဲကနေ မီးဖြစ် လာတာပဲ။ ထင်းသာယာပြန်တော့ မီးဖြစ်တာပဲ။

နောက်တစ်ခါ ဒီမီးရနေပြီးသကာလ ထင်းတစ်ခု လုပ်ပြန်တာပဲ။ ထင်းနဲ့လောင်စာ လှည့်နေတဲ့အလုပ်ဟာ လောကီသမားတို့၏ သမုဒယဒုက္ခ ဖြစ်စဉ်ပဲလို့ မှတ်ရမယ်။ ရှင်းပလား (ရှင်းပါတယ်)။

## လောကပြင်ဘက်ထွက်ပါတော့လား

ဒါဖြင့် လောကုတ္တရာဘက်ထွက်ပါတော့လို့ တရားနာလို့ရှိရင် ကဲ လောကဓံ လေကတိုက်လိုက်တော့ ကဲ မဲ့လိုက်စမ်းကွာ နိန္ဒပသံသံ သုခံဒုက္ခံ ဆိုပြီးသကာလ ဒုက္ခ လေတိုက်ချလိုက်တယ်။ လိုင်စင်သိမ်းတဲ့ ဒုက္ခလေတိုက်ချ တယ်။

မင်းမပိုင်ဘူးကွာ အနတ္တတရားပဲ၊ အခုပျက်သွားပြီ ကွာ။ ဒုက္ခသစ္စာပဲကွာ၊ အင်း- ဒီအလုပ်ဟာဖြင့် ဒုက္ခရောက် တဲ့ အလုပ်ပဲ။ ဒုက္ခမရောက်တာရှာပါတော့မယ်ဆိုတာ မလာပဲနဲ့ ဒုက္ခထဲရောက်တာကို မရလို့သာ သောကပရိဒေဝ ဖြစ်ပါတယ်။ သဘောပါရဲ့လား (ပါပါတယ်)။

တကယ်လို့ ဒါဟာ လောကုတ္တရာဘက် ထွက်သွားဖို့ တယ်ကောင်း၊ တရားဟောပြီကော။

လိုင်စင်သိမ်းလိုက်တယ်ဆိုလို့ရှိရင် ဒါလောကဟာ ဒီလိုပဲ လောကပြင်ဘက်ထွက်မှ ဒီဟာတွေ အေးမှာပဲ။ ဒီလို

နဲ့ ဉာဏ်က ထိုးထွင်းတဲ့သဘောက မပေါ်လာ။

ထိုကဲ့သို့ မပေါ်လာတော့ကို လောကပြင်ဘက် ထွက်မည့်တရား ဟောလို့ရှိရင်ဖြင့်တဲ့ သူ့မှာ ငိုချင်းချတယ်။ သောကပရိဒေဝဖြစ်တယ်။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လောကထဲ နေတာလည်း ဒုက္ခရောက်လို့ မကြည့်နိုင်၊ လောကပြင်ဘက် ထွက်ခိုင်းပြန်တော့လည်း ငိုချင်းချတယ်၊ လောကထဲနေပြန် တော့လည်း ဒုက္ခရောက်လို့ ကိုယ်တော်ကြီးကလည်း သနား တယ်။ လောကပြင်ဘက် ထွက်ဖို့တရား ဟောလိုက်တဲ့အခါ ကျတော့လည်း ငိုချင်းချတယ် မထွက်ချင်လို့။

## သူ့အတွက် ငါဘယ်လိုစဉ်းစားရမလဲ

မထွက်ချင်တော့ သူ့အတွက် ငါဘယ်လိုစဉ်းစား ရမလဲ။ ဒုက္ခရောက်နေတာလည်း ကေန်၊ ဒုက္ခလွတ်ကြောင်း ကို အနတ္တတရား ဒုက္ခသစ္စာတရား ဟောလိုက်ပြန်တော့ လည်း ငိုချင်းချပြန်တယ်။ ဒီဒုက္ခနဲ့ ခွဲရလို့။

ငါဘယ်လိုလုပ်ရမတုန်းဆိုတဲ့ စိတ်ဟာ ဘုရားမှာ ပေါ်လာတယ်။ ဒုက္ခလည်းမသိ၊ သိအောင်လည်း ဒုက္ခကို ဒါဟေ့ဒုက္ခလို့ တရားဟောလိုက်ပြန်တော့လည်း ဒုက္ခ ပြင်ဘက်ထွက်ရမှာစိုးလို့ ငိုချင်းချပြန်တယ်။

အင်း- ဒုက္ခလည်းမသိ ဒုက္ခဖြစ်မှာ ဟောလိုက်လို့ ရှိရင် ငိုချင်းချတယ်။ ဒုက္ခလက်လွတ်ရမှာ စိုးလွန်းလို့။

ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ အင်မတန် တရားဟောခက်ပြီဆိုတဲ့ ညည်းလုံးဟာ ဒီနေရာမျိုး သုံးတာပဲ။ ပုထုဇဉ်အကန်းတွေ ဒီအရူးတွေကို ငါဘယ်လိုလုပ်ပြီးသကာလ ကယ်တင်ရပ့်ါမတုံး။

သူရူးတာလည်း သူမသိ သူကန်းတာလဲ သူမသိ သူ့ဟာသူသာ ဟုတ်နေတာပဲ ငါဘယ်လိုလုပ်ပြီး ကြားဝင်ပြီး ဖြေရှင်းပေးရပ့်ါမလဲဆိုတာ ဝင်လို့မရအောင် ပိတ်ထားတာဟာ လောက နားမလည်တဲ့ပုဂ္ဂိုလ်၏အလုပ်။

ဘုရားဝင်လို့ မရတာဟာ ဘယ်အသိဉာဏ်ဆုတ်ယုတ်တဲ့ပုဂ္ဂိုလ်၏ အလုပ်တုံးလို့ မေးတဲ့အခါကျတော့ လောကနားမလည်တဲ့ ပုဂ္ဂိုလ်၏ အလုပ် ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောမှုပြောမှု လက်မခံနိုင်မှုသည် ဘယ့်နှယ်ကြောင့်ပါလိမ့် လောကနားမလည်ကြလို့။ (လောကနားမလည်ကြလို့ပါဘုရား) သဘောကျပလား (ကျပါပြီ)။

ဒုက္ခထဲကလာပြီး ဒုက္ခထဲပြန်မဝင်ရရင် ကျေကိုမကျေနပ်ဘူး၊ ကိုင်း- ဒါဖြင့်- ဒီဒကာဒကာမတွေကို ဒီနေ့

ဟောရမည့်တရားက ဒါပေ့ လောကကြီးကတော့ ဒီအတိုင်း ပဲကွ။

## ဖြုံးရင်တဏှာ မဲ့ရင်ဒေါသ

ဖြုံးလိုက်၊ မဲ့လိုက်နေမှာပဲကွ၊ ဖြုံးတာမဲ့တာနဲ့ပဲ အချိန်ကုန်မှာပဲ ဖြုံးရင်တဏှာ မဲ့ရင်ဒေါသကွ။

ပဋိစ္စသမုပ္ပါဒ် အလည်ကနေပြီး ဒုက္ခပေးတာနဲ့ အဆုံးကနေ ပတ်ပြီးဒုက္ခပေးတာ ဒီဒုက္ခနှစ်ခုပဲ မင်းတို့မှာဖြင့် အမြဲတန်း ကိုယ်ပိုင်ဥစ္စာဖြစ်နေတယ် ဆိုလို့ရှိရင် မလွဲပါဘူး (မလွဲပါဘုရား)။

အရောင်းအဝယ်ဖြောင့်နေလို့ရှိရင် သမုဒယသစ္စာလို့ မှတ်လိုက်ပါတော့၊ ပဋိစ္စသမုပ္ပါဒ်အလယ်ကနေဖောက်ချတယ်။

အရောင်းအဝယ် ဇာတ်သိမ်းလိုက်လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်အဆုံးကနေပြန်ပြီးသကာလ အစပြန်ဆက်ပါတယ်။

သူ့မှာဖြင့် တရားမဟောဘဲနေတော့ အလယ်ကစတယ်၊ တရားဟောလိုက်ပြန်တော့ အဆုံးကပြန်ပတ်တယ်။

ဒီဒုက္ခ၊ ဆက်သာဆက်တော့၊ မဖြတ်ချင်တဲ့သဘောဟာ သူ့သဘောပဲ၊ လောကမသိတဲ့ပုဂ္ဂိုလ်၏သဘောပဲ၊ ရှင်းပလား (ရှင်းပါပြီ)၊ လောကမသိတဲ့ပုဂ္ဂိုလ်၏သဘောတဲ့။

## ပဋိစ္စသမုပ္ပါဒ်လှည့်နေတယ်

အရောင်းအဝယ်ကောင်းနေပြန်တော့လည်း လောကသဘောအကုန်မသိဘူး၊ ပဋိစ္စသမုပ္ပါဒ်အလယ်က စ,နေလို့။

အရောင်းအဝယ်ပျက်စီးသွားပြန်တော့လည်း ပဋိစ္စသမုပ္ပါဒ်အဆုံးကပြန်စပြန်တယ်၊ ပဋိစ္စသမုပ္ပါဒ်လောကထဲက ပဲ မထွက်နိုင်ဘူး။

ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးက ဒုက္ခလောကသာရှိတယ်၊ သုခလောကမပါဘူး အဝိုင်းပြေး၊ အလယ်ကဖြတ်ပြီး ဝိုင်းရတာရယ်၊ အဆုံးကစပြီး ဝိုင်းရတာသည်ပင်လျှင် သူတို့၏ ကုန်သည်တို့၏ အလုပ် (တင်ပါ့) ကုန်သည်အလုပ်ဟာ ဒါပဲရှိတယ်။

တရားဟောခွင့်မရတော့ဘူး၊ တရားဝင်ဖို့ဟာ ဘယ်နေရာဝင်ရမှာလဲမေးတော့ အရောင်းအဝယ်လေး ရပ်သိမ်းလိုက်တဲ့ အခါကျလို့ရှိရင် လောကဟာ ဒီလိုပါလား၊ လောကပြင်ဘက်ကိုသွားနေမှ အေးတော့မယ်ဆိုတဲ့ဥစ္စာ မလာပါဘူး။

ကိုင်း-ဒီ ဒကာ ဒကာမတွေ ဒီလိုသာမလာလို့ရှိဖြင့် အားကြီးခက်တော့မယ်ဆိုတဲ့ဥစ္စာ ထွက်ပေါက်မမြင်တဲ့ အတွက် အခုတရားနာနေတဲ့ ဒကာ ဒကာမတွေကျတော့ လောကကြီးအကြောင်း ကောင်းကောင်းသိပြီဟော့၊ လောက

ပြင်ဘက်မှာပဲ ချမ်းသာရှိတော့မှာပဲဆိုတာကို ဆုံးဖြတ်ချက် ချတော့ လောကကိုဖြတ်ပစ်ရမယ်။

လောကဖြတ်ပစ်ရမယ်ဆိုတော့၊ ဩော်-ဒီလူတွေထဲက ထွက်ရမှာလား၊ တောပဲထွက်ရမှာလား၊ တစ်ယောက်တည်းပဲ တစ်ကိုယ်ရေ တစ်ကာယနေရမှာလား. . . မလိုပါဘူး။

## ခန္ဓာ့ဖြစ်စဉ် လောကကိုဖြတ်ရမယ်

ခန္ဓာထဲမှာဖြစ်စဉ်လောကကို ဖြတ်ရမယ် (တင့်ပါ) ခန္ဓာထဲကဖြစ်စဉ်လောကကို ဖြတ်ရမယ်၊ တဏှာပြီး ဉပါဒါန် ဉပါဒါန်ပြီးကံ၊ ကံပြီး ဇာတိ၊ ဇရာ၊ မရဏ၊ အဲဒီဇာတိ ဇရာ မရဏကနေပြီး သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဲဒီ လောကကြီးကို ဖြတ်ရမယ်။

ဒီလူ့လောကထဲကထွက်ဖို့ကိုဆိုတာမဟုတ်ပါဘူး၊ ပဋိစ္စသမုပ္ပါဒ်ဒုက္ခလောကကြီးထဲက၊ သင်္ခါရလောကကြီးထဲက ဒါကိုထွက်ရမယ်လို့ဆိုပါတယ်၊ ဒါကြီးပြတ်ဖို့ရာ အရေးကြီးပါတယ်။

ကိုင်း-ဒါဖြင့် တပည့်တော်တို့အတွက် ဘုရား၊ လူတိုင်းထဲကလည်း မထားဘဲနဲ့ လောကပြင်ဘက်ကိုပဲပို့ပေးပါတော့လို့ ဆိုလို့ရှိရင်ဖြင့် လောကဖြစ်စဉ် ဖြစ်စဉ်တန်းနေတဲ့ဟာဖြင့်. . . ။

## လောကအဝိုင်းကြီးလို့မှတ်

တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိဇရာမရဏ၊ အဝိဇ္ဇာ သင်္ခါရ၊ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတနာ၊ ဖဿဝေဒနာ၊ တဏှာ၊ ဒီအဝိုင်းကြီးဟာ ဒကာ ဒကာမတွေ ဒါလောက အဝိုင်းကြီးလို့မှတ်ထားပါ။

ဒီအဝိုင်းကြီးဟာ ဘာမှမဟုတ်ဘူး၊ လောကအဝိုင်းကြီး၊ လောကအဝိုင်းကြီးကြည့်လိုက်တော့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပဲတွေ့တယ်၊ လောကအဝိုင်းကြီးကြည့်လိုက်တော့ ဘာသစ္စာတွေ့ပါလိမ့် (သမုဒယသစ္စာနှင့် ဒုက္ခသစ္စာပါ ဘုရား)။

## မီးနဲ့လောင်စာလှည့်နေတာ

သမုဒယနဲ့ ဒုက္ခသစ္စာပဲတွေ့တော့၊ သမုဒယကမီး၊ ဒုက္ခကလောင်စာဆိုတော့ မီးနဲ့လောင်စာပဲလှည့်နေတာပဲ။

မီးနဲ့လောင်စာပဲလှည့်နေတော့ ဩော်. . . ဒီအသိုက် ဟာဖြင့် မီးနဲ့တစ်ခါနေလိုက်၊ လောင်စာဖြစ်ပြီး ဆုံးရှုံးလိုက်၊ မီးထပ်မွေးလိုက်။

ကိုယ့်ခန္ဓာထဲ ကိုယ်ရှို့တဲ့မီး၊ ကိုယ်ကိုယ်တိုင်မွေး လိုက်၊ ကိုယ့်ခန္ဓာကြီးပါအလောင်ခံလိုက်ဆိုတော့ ကိုယ့်မီး ကိုယ်မွေး၊ ကိုယ့်ကိုယ်ကိုပြာကျအောင် ကိုယ်လုပ်တာဟာ အဝိုင်းသဘောပဲ။

ကိုယ့်မီးကိုယ်မွေးတာက တကျော၊ ကိုယ့်ခန္ဓာကို ဒီမီးလေးနဲ့ ရှို့ပစ်တာဟာလည်း ဒီ ဒကာဒကာမတွေ လုပ်ရိုးလုပ်စဉ် အလုပ်ပါပဲ။

ဒီလောဘမီးနဲ့လည်း ခန္ဓာကြီးလောင်အောင် ရှို့ပစ်လိုက်တာ လောဘမီးမရှိလို့ရှိရင်လည်း ဒကာ ဒကာမတွေ ကနေလို့မဖြစ်ဘူးလေ၊ နေလို့ဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား)။

## ဒုက္ခကြောက်တယ်ဆိုတာ အလကားပြောတာ

ဒါ့ကြောင့် မီးနဲ့လောင်စာကို ကျုပ်တို့ဖြင့် အပူ၊ မတွေ့ချင်ပါဘူး၊ ဒုက္ခဆိုတာကြောက်လှချည့်ရဲ့၊ အလကားပြောနေတာ။

လောဘမီးလေးလိုချင်သလောက်မရလို့ မျက်ရည်ကျတယ်၊ ဒီမီးကဘာပြုလို့ မျက်ရည်ကျရတာတုံး ကိုယ့်ကိုယ်မလောင်လို့ မျက်ရည်ကျတာ၊ ဩော် . . . ဒါဖြင့် ဒကာဒကာမတွေ ကိုယ့်ဟာကိုယ်မီးမွေး၊ ကိုယ့်ဟာကိုယ် အလောင်ခံ၊ ကိုယ့်မီးနဲ့ကိုယ်ရှို့ပြီး သေခြင်းဆိုးသေရတဲ့ဟာကိုဖြင့် ဆုတောင်းယူပြီး အကြိုက်ဓာတ်ကျနေတယ်ဆိုရင်လွဲပါ့မလား (မလွဲပါဘူး)။

အဲဒါတွေ သေသေချာချာစဉ်းစားတော့မှ ကိုင်း-ဒါဖြင့် လောကပြင်ဘက်ထွက်မှသာလျှင် အချက်ကျတော့မှာပဲဆိုတဲ့ ဥစ္စာ စဉ်းစားကြပါစို့ဆိုတော့ ဘာကို ဝိပဿနာဉာဏ်နဲ့အဖြတ်အတောက်လုပ်ရမှာတုံးဆိုတဲ့မေးခွန်း ထွက်လာတယ်။

ထွက်လာတဲ့အခါကျတော့ ပျော်ပျော်ရွှင်ရွှင်နေတုန်းမှာ ဝမ်းသာနေတုန်း ဝိပဿနာရှုလို့မရဘူး။

ဖျတ်ဆို လိုင်စင်တွေသိမ်း၊ အရောင်းအဝယ်တွေကပျက်သွားတဲ့အခါကျတော့ သောကဖြစ်တယ်၊ အဲဒီသောကတွေ၊ ဒေါသတွေကိုလည်း၊ အစ်မတို့က ဝိပဿနာရှုလိုက်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ကြည့်၊ ပဋိစ္စသမုပ္ပါဒ်အဆုံးကနေပြတ်တယ်၊ နောက်ကပတ်စရာအကြောင်းမရှိဘူး။

## ပျော်လည်းဖြစ်ပျက်ရှု၊ ပျင်းလည်းရှု

ဒါကြောင့်လောကကြီးထဲ ပျော်နေလည်း ပျော်စိတ်ကို ရှုပါ၊ လောကပြတ်တာပဲ။ လောကကြီးထဲမှာ စိတ်ပျက်လို့ပျင်းတဲ့စိတ်လာလို့ရှိရင်လည်း ပျင်းစိတ်ဝိပဿနာရှု (တင်ပ့ါ)။

ဒါ လောကစက်ဝိုင်းပြတ်တာချည်းပဲဆိုတာ မှတ်လိုက်စမ်းပါ၊ ပျော်နေရင်လည်း၊ ပျော်စိတ်ကို ဘာလုပ်ရမှာလဲ. . . (ရှုရမှာပါဘုရား)၊ ပျော်စိတ်ရှုလိုက်လို့ရှိရင်ဖြင့်တဏှာက ဉပါဒါန်မကူးတာပဲ။

ပျင်းစိတ်ရှုလိုက်လို့ရှိရင်ဖြင့် ဒေါသက သောကကို မကူးတာပဲ၊ ပျင်းတာက ဒေါသကိုး။

လောကကြီးထဲမှာ လောကဓံတွေ့ရလို့ စိတ်များပျက် ပါပေါ့ဆိုလို့ရှိရင် အဲဒီပျက်တဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုရ လိမ့်မယ်၊ စိတ်မချမ်းသာတာလေးကို ဘာလုပ်ကြမလဲ . . . (ဖြစ်ပျက်ရှုရပါမယ်)။

## လောကပြင်ဘက်ကတရားမို့ လောကုတ္တရာ

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျလို့ရှိရင် လောကစက်ကြီး ပြတ်ပြတ်သွားတယ်။ လောကစက်ကြီးပြတ်သွားတဲ့အခါကျ တော့ကို ရှုတဲ့ဉာဏ်သည်၊ ဘာဉာဏ်တွေဖြစ်လာသတုံးဆို တော့၊ လောကစက်ကြီးကိုဘယ်တော့မှ၊ ဘယ်သူမှ လောက စက်ပြင်ဘက်မထွက်တာကို၊ လောကစက်ပြတ်အောင်လုပ် တတ်သောကြောင့် သူ့ကို လောကပြင်ဘက်ကတရားမို့လို့ လောကုတ္တရာလို့ ခေါ်လိုက်ပါတယ်။

လောကကြီးဖျက်စီးတဲ့တရား၊ လောကကြီးပြုန်းတီး အောင်လုပ်တဲ့တရား၊ လောကကြီးကွယ်ပျောက်အောင်လုပ် တတ်တဲ့တရား၊ ဒါကြောင့် သူ့ကို လောကုတ္တရာလို့ ခေါ်လိုက် ပါတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် လောကဖြစ်ကြောင်းကို ဝိပဿနာရှုမှ လောကုတ္တရာဖြစ်မယ်၊ လောကဖြစ်ကြောင်းကို. . . (ဝိပဿနာရှုမှ လောကုတ္တရာဖြစ်မယ်)။

တဏှာကလည်း၊ တဏှာလာရင် ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့၊ သတ္တလောကကြီးလည်းဖြစ်မယ်၊ သင်္ခါရ လောကကြီးလည်းဖြစ်မယ်။

အင်း- သင်္ခါရလောကဖြစ်ကြောင်း ဝိပဿနာရှုလိုက်လို့ရှိရင်လည်း လောကုတ္တရာဖြစ်ပါတယ်။

အင်း- လိုင်စင်တွေသိမ်းသွားလို့ အရောင်းအဝယ် ဟန်မကျလို့ ဒေါမနဿဖြစ်ပြန်လို့ရှိရင်လည်း ဒေါမနဿကို ဒီ ဒကာဒကာမတွေက ဖြစ်ပျက်ရှုလိုက်လို့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဝိဇ္ဇာ၊ သင်္ခါရ ဆိုတာတွေ အကုန်ဖြုတ်သွားတယ်။

ဖြုတ်သွားတော့၊ ဟာ- ဘယ်သူကဖြုတ်စေသတုံး ဆိုလို့ရှိရင် လောကုတ္တရာက ဖြုတ်စေတယ်၊ ပြတ်စေတယ်၊ ပျောက်စေတယ်လို့ မှတ်ရမယ်။ ဘယ်သူက ဖြုတ်စေသနည်း၊ ပြတ်စေသနည်း. . . (လောကုတ္တရာကပါဘုရား)။

## လောကုတ္တရာဆိုတာ ရှုမှတ်နေတဲ့ဉာဏ်

လောကုတ္တရာဆိုတာက ရှုမှတ်နေတဲ့ဉာဏ်ကိုဆိုပါ

တယ်၊ သူက လောဘဖြတ်တတ်တဲ့တရား၊ လောကကြီးဆုံးစေတဲ့တရား၊ လောကကြီးကုန်စေတဲ့တရားဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

ဒါကြောင့် ဒီတရားဟာ ဩော်- လောကကြီးရှေးဦးစွာကုန်စေတဲ့တရားဆိုသလိုပဲ၊ လောကီမဂ်ကလည်း၊ လောကီပဋိစ္စသမုပ္ပါဒ်ဖြတ်တာပဲ။

လောကီပဋိစ္စသမုပ္ပါဒ်ကို ဖြတ်လိုက်လို့ရှိရင်လည်း၊ လောကီစက်ကြီးပြတ်သွားတော့ လောကုတ္တရာဟာ အလိုလိုပေါ်တာပဲ။

ဒါကြောင့် ဝိပဿနာသည် လောကီမဂ်၊ လောကီမဂ်ဆိုတာ ဘာဖြစ်လို့ လောကီမဂ်ခေါ်ရပါလိမ့်မလဲလို့မေးတဲ့အခါကျတော့ လောကုတ္တရာမဂ်၏ ရှေ့တော်ပြေးလက်ျာတောင်နဲ့တူတယ်။

## ရှင်ဘုရင်ထွက်တော့မယ်ဆိုရင်

ရှင်ဘုရင်မင်းထွက်တော့မယ်ဆိုရင် လမ်းရှင်းတဲ့လက်ျာတောင်ထွက်ပြီးမှ ရှင်ဘုရင်ထွက်သလို သူက လောကီပဋိစ္စသမုပ္ပါဒ်ကြီး ဖြတ်ပြီးမှ၊ လောကုတ္တရာမဂ်တည်း ဟူသောရှင်ဘုရင်က နောက်ကလိုက်လာတယ်၊ သဘောပါရဲ့လား. . . (ပါပါပြီ)။

လကျ်ာတောင်အနေနဲ့ လောကီမဂ်မပါပဲနဲ့ လောကုတ္တရာမဂ်က ရှင်ဘုရင်နဲ့တူတဲ့ လောကုတ္တရာမဂ်က ထွက်လာနိုင်ပါ့မလားလို့ မေးလို့ရှိရင် မရှင်းမလင်းရသေးလို့ရှိရင် မထွက်လာနိုင်ဘူး။

လကျ်ာတောင်နဲ့တူတဲ့ လောကီမဂ်က ကိလေသာအညစ်အကြေး၊ ခုနကပြောတဲ့ လောကနားမလည်တဲ့တရားတွေ အကုန်ရှင်းလင်းပေးပြီးတော့မှ လောကုတ္တရာမဂ်က ထွက်နိုင်တယ်၊ သဘောပါသလား. . . (ပါပါပြီ)။

ဒါဖြင့် ဒီအရေးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဩော်ဒို့ဆရာဘုန်းကြီးက အခုဝမ်းသာတယ်၊ အရောင်းအဝယ်ဖြောင့်နေလို့ ဖြစ်ပျက်ရှုဟော့၊ ဖြောင့်တဲ့စိတ်ကလေးဖြစ်ပျက်ရှု။

အရောင်းအဝယ်နေရာမကျလည်း၊ နေရာမကျတဲ့စိတ်ကလေးရှုဟော့ဆိုတော့ လကျ်ာတောင်အထွက်ခိုင်းတာ၊ ဘယ်နှယ်ကြောင့် လကျ်ာတောင်ထွက်ခိုင်းသလဲဆိုတော့၊ သူလည်း အရောင်းအဝယ်ဖြောင့်နေတုန်း ရှုလိုက်တော့ တဏှာ၊ ဥပါဒါန်ကို ရှင်ဘုရင်မှတ်ချက်နဲ့သွားပြီး သူကရှင်းလင်းထားပစ်လိုက်တယ်။

အရောင်းအဝယ်မဖြစ်တော့ သောက၊ ပရိဒေဝ၊ ဒေါမနဿဖြစ်လာတော့ ဒီသောက၊ ဒေါမနဿတွေကိုပင်

အစ်မတို့ကဖြစ်ပျက်ရှုပစ်လိုက်တော့ သူနဲ့ပတ်သက်တဲ့ရှေ့ပိုင်း ကရှင်းသင့်တာတွေကိုအကုန်ရှင်းနှင့်ပြီးသား သွားဖြစ်တာပဲ။

ဒါဖြင့် သူက ပဋိစ္စသမုပ္ပါဒ် သမုဒယနဲ့ ဒုက္ခတွေကို ရှင်းနှင့်ပြီးသားဖြစ်နေတော့၊ ပဋိစ္စသမုပ္ပါဒ်အလယ်ကလည်း မစနိုင်၊ အဆုံးကလည်း ပြန်ပြီးမပတ်နိုင်။

## ဝိပဿနာမဂ်က ရှင်းလင်းထားတယ်

ရှုတာကတော့၊ အစကဖြတ်ထားတာဖြစ်လေသော ကြောင့် ရှုတယ်ဆိုတော့ ဝိဇ္ဇာကိုး၊ ရှုတာက အစကဖြတ် တယ်၊ ရှုလိုက်တဲ့အခါသည်ကားလို့ဆိုလို့ရှိရင်ဖြင့် အစကို လည်းဖြတ်၊ အလယ်ကိုလည်း ဖြတ်၊ အဆုံးကပြန်ပတ်မှာကို လည်း ဖြတ်ပြီးသားဖြစ်လေသောကြောင့် ဝိပဿနာမဂ်သည် လောကုတ္တရာမဂ်ဆိုတဲ့ ရှင်ဘုရင်၏ ရှင်းရှင်းလင်းလင်းထွက် လာဖို့ရာ ရှင်းလင်းထားတဲ့ဥစ္စာ၊ ဝိပဿနာမဂ်မှတ်ပါ။

ဝိပဿနာမဂ် မရှင်းလင်းပဲနဲ့၊ လောကုတ္တရာမဂ် ဘယ်တော့မှထွက်ရိုးထုံးစံမရှိတာမရှိဘူး. . . (တင်ပါ့)။

အဲတော့ကိုး လောကကြီးထဲကထွက်တာ လောကုတ္တ ရာဆိုတော့ ဖျတ်ဆိုအရောင်းအဝယ်ကောင်းလာလည်း ဖြစ် ပျက်ရှုလိုက်။

## အရောင်းအဝယ်အချိုးကျလည်း ရှုပါ၊ မကျလည်း ရှုပါ

အရောင်းအဝယ်အချိုးကျလည်း ဖြစ်ပျက်ရှုလိုက်၊ အချိုးမကျတဲ့စိတ်ကိုလည်း ဖြစ်ပျက်ရှုလိုက်၊ အချိုးကျအနေကောင်းလည်း ဖြစ်ပျက်ရှုလိုက်။

အချိုးကျနေတုန်းလည်း အရှုလိုက်ခိုင်းတာပဲ၊ အချိုးကျနေတော့ကိုး၊ ပဋိစ္စသမုပ္ပါဒ်ခလယ်က ဖောက်စမှာကို မသိတဲ့ပုဂ္ဂိုလ်မို့ အရှုခိုင်းရပါတယ်။

အချိုးမကျတော့ဘူး အရောင်းအဝယ်က ခတ်ပျက်ပျက်၊ ခတ်ပျက်ပျက်ဖြစ်နေတယ်ဆိုတော့ သူသည်၊ ပဋိစ္စသမုပ္ပါဒ်ကို အဆုံးကနေပြန်ပတ်မလို့၊ ဒုက္ခမရှိလို့ဖြစ်ကိစ္စ ဖြစ်လေသောကြောင့် ဒုက္ခ မရ ရအောင်ရှာမည့်စိတ်ကူးတွေ ပေါ်မှာစိုးတဲ့အတွက် ဖြစ်ပျက်ရှုရမယ်။

အရောင်းအဝယ်မဖြောင့်တဲ့စိတ်ကိုလည်း ဖြစ်ပျက်ရှုရမယ်။ ဖြစ်ပျက်ရှုလိုက်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ ဒုက္ခနဲ့ သမုဒယရှိတဲ့အနက်က ဒုက္ခလည်းချုပ်၊ သမုဒယလည်းချုပ်ဆိုတော့ စက်ဝိုင်းကွင်းကြီးဟာ အကုန်ပျက်သွားပါတယ်။

## ဒုက္ခ၊ သမုဒယစက်ဝိုင်းကြီး ပျောက်သွားတယ်

စက်ဝိုင်းကွင်းကြီး အကုန်ပျက်သွားတယ်ဆိုတော့ ဘာတွေများပျက်သွား၊ ပျောက်သွားပါသလဲလို့မေးတော့၊ အကြောင်းအကျိုး၊ အကြောင်းသမုဒယ၊ အကျိုးဒုက္ခ ပျောက်သွားတာပဲ။

အကြောင်းသမုဒယသစ္စာ၊ အကျိုး ဒုက္ခသစ္စာပျောက်သွားတယ်၊ စက်ဝိုင်းထဲဘာကျန်ရစ်သေးသတုံး. . . (ကိုင်း)။

အကြောင်းသမုဒယသစ္စာ၊ အကျိုး ဒုက္ခသစ္စာပျောက်သွားတယ်၊ စက်ဝိုင်းထဲဘာကျန်ရစ်သေးသတုံး. . . (ဘာမှ မကျန်ရစ်ပါဘုရား)၊ ဒီသစ္စာနှစ်ပါးပဲရှိတာကိုး။

အဲတော့ အကြောင်းအကျိုးတွေ ချုပ်သွားတော့ အဝိုင်းပျောက်ပြီးသကာလ ရှင်းရှင်းလင်းလင်း ပေါ်လာပါတယ်၊ အဝိုင်းပျောက်ပြီး ဘာပေါ်လာသလဲ. . . (ရှင်းရှင်းလင်းလင်းပေါ်လာတယ်)။

## မီးနဲ့လောင်စာမရှိလို့ အေးငြိမ်းတဲ့အရပ်

အဝိုင်းကြီးက သမုဒယသစ္စာလှည့်နေတာပဲ၊ ဒါဖြင့် မီးမရှိတော့ လောင်စာလည်းမရှိတော့ဘူးဟော့၊ ဒီအရပ်ဖြင့် အေးပေါ့လို့ဆိုသလို့။

သွားကြည့်လိုက်တဲ့အခါကျတော့ မီးနဲ့လောင်စာနဲ့ တွဲနေတုန်းကတော့ ဟုန်းဟုန်း ဟုန်းဟုန်းနဲ့ တောက်တယ်။

နောက်ရေစက်တွေဘာတွေနဲ့ ဖျန်းကြ၊ ငြိမ်းကြတဲ့ အခါကျတော့ မီးစလည်းမတွေ့ဘူး၊ မီးလည်းမတွေ့တော့ဘူး၊ လောင်စာတွေလည်း တစ်ခုမှမတွေ့တော့ဘူး။

ဒီအရပ်၊ အခုမှပဲ စိတ်အေးရတယ်ဟော့ဆိုသလိုပဲ၊ ဒီခန္ဓာရှိတဲ့ သုံးဆယ့်တစ်ဘုံခန္ဓာရှိတဲ့အရပ်ကြီးဟာ ခန္ဓာတွေ လောင်စာနဲ့မီးတွဲနေတဲ့အရပ်ကြီးဟာဖြင့် ရှင်းသွားပြီ၊ ကိလေသာမီးကလည်း မရှိဘူး။

လောင်စာထင်းဌာနကြီးကလည်း မရှိဘူး၊ ထင်းလည်းမရှိဘူး၊ မီးလည်းမရှိဘူး။

## ကျက်သရေမင်္ဂလာရှိတဲ့အရပ်

ဒီအရပ်ကြီးဟာ ကျက်သရေမင်္ဂလာရှိလိုက်တာ၊ ကိလေသာကလည်း ကင်းလိုက်တာ။

နောက်ဖြင့် ဒီဒုက္ခမျိုးတော့ဖြင့် ငြိမ်းပေ့ါဆိုတဲ့ဥစ္စာ၊ လောကုတ္တရာမင်္ဂက အဲဒီအငြိမ်းမြင်တယ်။

လောကီမင်္ဂက ငြီးငွေ့စရာအကြောင်းကို ရှင်းလင်းတယ်၊ လောကီမင်္ဂက ဘာပါလိမ့်. . . (ငြီးငွေ့ရာအကြောင်းကိုရှင်းပါတယ်ဘုရား)။

## နိဗ္ဗာန်ဆိုတာ အေးငြိမ်းပြီးရှင်းလင်းတာ

လောကုတ္တရာမဂ်က ဘာပါလိမ့်. . . (ငြိမ်းပြီးရှင်းလင်းပါတယ်)၊ ငြိမ်းပြီးရှင်းလင်းနေတာ။

ဒါကြောင့် ဒုမဂ်သုခ- မငြိမ်းတာကို သုခထင်နေတဲ့အတွက် နိဗ္ဗာန်ဟောလို့ အင်မတန်ခက်တယ်ဆိုတာ ပေါ်လာကြပြီနော်. . . (ပေါ်လာပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာက လောင်စာသိမ်းမီးငြိမ်းတာခေါ်သည်၊ လောင်စာသိမ်း မီးငြိမ်းနေလို့ ရှင်းလင်းတာကိုခေါ်သည်။

## နိဗ္ဗာန်ရောက်တော့ ဘာနဲ့နေရမှာတုံး

တပည့်တော်တို့ နိဗ္ဗာန်ရောက်တော့ ဘာနဲ့နေရမတုံးမေးတဲ့ပုဂ္ဂိုလ်က လောင်စာမီးသာမြင်ဘူး၍ ရှင်းလင်းတာကိုမမြင်ဘူးတဲ့ပုဂ္ဂိုလ်ကမေးတာ. . . (တင်ပါ့)။

လောင်စာနဲ့မီးကိုသာ သူသည်ဉာဏ်ထဲမှာတွေးတတ်တယ်. . . (မှန်ပါ့)၊ မီးငြိမ်းနေတဲ့လောင်စာသိမ်း၍ မီးငြိမ်းတာ သူဘယ်တော့မှမတွေ့ဘူးတဲ့ပုဂ္ဂိုလ်ဖြစ်လေသောကြောင့်တဲ့ သူ သမုဒယလည်းမသိတဲ့ပုဂ္ဂိုလ်၊ ဒုက္ခလည်းမသိတဲ့ပုဂ္ဂိုလ်မို့ နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူးယူတာပါ။

## နိဗ္ဗာန်ဆိုတာ
## မီးကြောက်သူအတွက် အေးရာ အရပ်

စင်စစ်အားဖြင့် နိဗ္ဗာန်ဆိုတာက သမုဒယသစ္စာလည်း မီးမရှိတော့ဘူး၊ ဒုက္ခသစ္စာဆိုတာလည်း လောင်စာလည်းမရှိတော့ဘူး။

အဲဒီလောင်စာသိမ်း၍ မီးငြိမ်းတာကို၊ မီးနဲ့မီးကြောက်တဲ့ပုဂ္ဂိုလ်၊ လောင်စာကိုစိုးရိမ်တဲ့ပုဂ္ဂိုလ် သွားကြည့်လို့ရှိရင်၊ ဒီအရပ်တော့ဖြင့် အေးရတယ်ဟေ့ဆိုသလို. . . ။

သမုဒယမှာ သမုဒယချုပ်ခြင်းသဘောကျတဲ့ပုဂ္ဂိုလ်၊ ဒုက္ခသိမ်းခြင်းကို သဘောရောက်တဲ့ပုဂ္ဂိုလ် ဆိုလို့ရှိရင်လည်း နိဗ္ဗာန်သဘောကျပါတယ်။

နို့မို့ သဘောကျဖို့ဖြစ်ကို မဖြစ်ဘူး၊ နိဗ္ဗာန်သဘောကျဖို့ ရှိကို မရှိဘူး။

ဒါကြောင့် အခုတိုက်ပွဲဆင်နေတာသည် လောကပြင်ဘက်ထွက်ကြဆိုတဲ့ ပုဂ္ဂိုလ်များဟာ မကျေနပ်လို့ လောကထဲပြန်ဝင်ချင်တဲ့ပုဂ္ဂိုလ်၏တိုက်ပွဲလို့မှတ်လိုက်စမ်းပါ။

## လောကီ၊ လောကုတ္တရာ နားလည်ဖို့လို

လောကပြင်ဘက်ထွက်ကြလို့ ဓမ္မက ပြောငြားသော်လည်း ကျုပ်မထွက်ချင်ဘူး၊ မဝင်ရမနေနိုင်ဘူးဆိုတဲ့ပုဂ္ဂိုလ်တို့၏တိုက်ပွဲ။

ဒါဖြင့် လောကီနှင့် လောကုတ်မခွဲသောပုဂ္ဂိုလ်၏ အလုပ်လို့ဆိုလို့ရှိရင်ဖြင့် ရှင်းသွားပြီ၊ လောကီလောကုတ် နားမလည်ဘူး။

ဖြစ်တတ်ပျက်တတ် ဖြစ်တဲ့ဥစ္စာ ဒီပြန်ဝင်လည်း မတော်ပါလားလို့ လောကီလည်းသူနားမလည်ဘူး၊ လောကုတ္တရာလည်း ရှိမှန်းမသိဘူး၊ ဒီပုဂ္ဂိုလ်၏တိုက်ပွဲပဲ။

လောကီကိုလည်း ဖြစ်တတ်ပျက်တတ်တဲ့ ဒုက္ခသစ္စာလို့ သူမသိပါဘူး၊ မသိလို့ ပြန်ဝင်ချင်တာပေါ့။

လောကုတ္တရာသည် တကယ်ပဲအေးချမ်းတယ်ဆိုတာကိုတော့ အသံမှမကြားဖူးပါဘူး၊ ဒါဖြင့် သူ့မှာ တိုက်ပွဲဆင်နေတဲ့ပုဂ္ဂိုလ်ဟူသရွေ့ တခြားကဆင်ဆင် ဒီလူက ဆင်ဆင်၊ ဆင်တဲ့ပုဂ္ဂိုလ်ဟူသရွေ့သည် လောကကိုလည်း နားမလည်၊ လောကုတ္တရာကိုလည်း နားမလည်နဲ့၊ အတုန်းသမားတွေ၏ အလုပ်တစ်ခုပေါ်ပေါက်နေတာပဲဆိုတာ ဆုံးဖြတ်ချက်ချပါ. (မှန်ပါ့ဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီ)။

ကိုင်း ယနေ့ဒီတွင်နားပါဦး။

သာဓု . . . သာဓု . . . သာဓု။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# လောကအပြင်ဘက်ထွက်မှ

# နိဗ္ဗာန်ရမယ် (၂)

(၁၇-၂-၆၂)

**လောကသုံးပါး**

လောကသုံးမျိုးကို ရှေးဦးစွာမှတ်ရမယ်၊ လောကသုံးမျိုးရှိတယ်၊ သတ္တလောကဆိုတာက ပုဂ္ဂိုလ်သတ္တဝါတွေ၊ ယောက်ျားတွေ၊ မိန်းမတွေ၊ တိရစ္ဆာန်တွေ၊ ဒါတွေ သတ္တဝါတွေဖြစ်သောကြောင့် သတ္တလောကလို့ခေါ်တယ်။

အိမ်တွေ၊ ဘုံတွေ၊ မြေကြီးတွေ၊ ရေတွေ ဒါတွေကတော့ သတ္တဝါမဟုတ်တဲ့အတွက် တည်ရာဌာနဖြစ်လေသောကြောင့် ဩကာသလောကလို့ခေါ်တယ်။

ရုပ်နာမ် ခမ္မ ခဏာ ခဏာအစားထိုးလိုက်၊ ပျက်လိုက်၊ အစားထိုးလိုက်၊ ပျက်လိုက်. . . ဒါက သင်္ခါရလောကလို့ခေါ်တယ်၊ ဒါကြောင့် လောကသုံးပါးကိုသိသောကြောင့်

လောကဝိဒူလို့ ဘုရားနာမည်ပေးထားတယ်။

လောကက= လောကသုံးပါး၊ ဝိဒူက = သိတာ၊ လောကသုံးပါးကိုသိသောကြောင့် သူ့ကို လောကဝိဒူလို့ ခေါ်ထားတာ၊ အဲတော့ ဒကာဒကာမတွေက လောကသုံးပါးကို သိထားရမယ်။

## သတ္တလောက

ပြန်ပြောပါ့မယ်၊ သတ္တလောကဆိုတာက ယောက်ျားတွေ၊ မိန်းမတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါဟူသရွေ့ကို သတ္တလောကလို့ မှတ်ထားပါ။

## သင်္ခါရလောက

သင်္ခါရလောကဆိုတာကတော့ ဖြစ်အောင်လုပ်လိုက် ပျက်သွားလိုက်၊ ဖြစ်အောင်လုပ်လိုက် ပျက်သွားလိုက်၊ အဲဒီ ရုပ်ဖြစ်ဖြစ်၊ နာမ်ဖြစ်ဖြစ် ဖြစ်လိုက် ပျက်လိုက်နဲ့နေတာကို တော့ သင်္ခါရလောကလို့ မှတ်ထားပါ။

## ဩကာသလောက

မြေတွေ၊ ရေတွေ၊ အိမ်တွေ၊ ဘုံတွေ၊ တိုက်တွေတာ တွေ ဒါတွေတော့ တည်ရာဌာနသတ္တဝါတို့၏ တည်ရာဌာန

ဖြစ်လေသောကြောင့် ဩကာသလောကလို့ မှတ်ထားပါ။ လောကဘယ်နှစ်ပါးရှိပါလိမ့်. . . (သုံးပါးရှိပါတယ်ဘုရား)။

လောကသုံးပါးလို့မှတ်ထားရမယ်၊ အဲဒီလောကသုံးပါးကတော့. . . ကိုယ်ကိုယ်တိုင်သိတဲ့ လောကသုံးပါးလို့. . အခု ဆရာသမားပြောလို့သိရတဲ့လောကသုံးပါး. . . ဆရာသမားဘယ်ကရတုံး?၊ မှတ်ထားတော့၊ လောကဝိဒူကိုယ်တော်ကြီးကပြောထားလို့၊ လောကသုံးပါးသိတာ။

## လောကဝိဒူဆိုတာ

ဒါကြောင့် ဘုရားရှိခိုးတဲ့အခါကျတော့ လောကဝိဒူ လောကဝိဒူ လို့ ပါကြတာ၊ အဲဒီလောကဝိဒူဆိုတာ. . . လောကက လောကသုံးပါးကိုဆိုတာ၊ ဝိဒူက သိတာ၊ အဲဒါကြောင့် သူ့ကို လောကဝိဒူဆိုတဲ့ ဂုဏ်ပုဒ်ကြီးရတာ၊ ဒီ့ပြင်လူဘယ်သူမှမသိဘူး။

ခုပြောနေကြတာက သူပြောတာကိုမှတ်ပြီးသကာလနောက်ယောင်ခံပြီသိနေကြတဲ့အသိ၊ ရှေးဦးစွာသိတာကတော့ သူတစ်ယောက်တည်းသိတာ၊ ဒါဖြင့် သူ့ကို လောကဝိဒူဆိုတဲ့ ဂုဏ်ပုဒ်ကြီးဟာ သူရထိုက်တဲ့ပုဂ္ဂိုလ်ပဲလို့ မှတ်ထားကြပါ။

အဲဒီ လောကဝိဒူကိုယ်တော်ကြီးက မင်းတို့ကွာ. . သင်္ခါရလောကဆိုတာလည်း ဖြစ်လိုက်ပျက်လိုက်ကိုဆိုတာ၊ ဩကာသလောကဆိုတာလည်း ကမ္ဘာပျက်အကုန်ပါသွားတာပဲ၊ သတ္တလောကဆိုတာ ခဏ ခဏ မသာပို့နေရတာ သတ္တလောက၊ ဘယ်လောကမှမကောင်းပါဘူးကွာ။

## ဘယ်လောကမှ မကောင်းဘူး

ဘယ်လောကမှ မကောင်းပါဘူး၊ လောကဟူသရွှေမှာ သင်္ခါရလောကကလည်း ဖြစ်လိုက်၊ ပျက်လိုက်၊ ဩကာသလောကကလည်း ကမ္ဘာမီးလောင် ပြောင်တာပဲ၊ နတ်ဘုံတွေရော၊ မြင့်မိုရ်တောင်တွေရော၊ တိရစ္ဆာန်တွေနေတဲ့ ရေတွေရော အကုန်ဟာလာဟင်းလင်းဖြစ်သွားတာပဲ၊ သတ္တလောကဆိုတာကတော့ ခဏ ခဏ မသာပို့၊ ခဏ ခဏ မွေး၊ ခဏ ခဏ သေ၊ သတ္တဝါတွေသေလို့ မသာချရတာနဲ့ ဒါကြောင့် မသာချတဲ့လောက က သတ္တလောကလို့မှတ်ပါ။

ခဏခဏဖြစ်ပြီး ခဏခဏပျက်နေ၊ ဉာဏ်နဲ့ကြည့်မှ မြင်တာကတော့. . . သင်္ခါရလောကလို့မှတ်လိုက်တာပဲ. . . ကမ္ဘာပျက်တော့ ပြောင်သွားတဲ့ ဘုံနန်းတွေ၊ မြေကြီးတွေ တောတောင်သမုဒ္ဒရာတွေ၊ ဒါတွေဟာ ဩကာသလောကလို့ မှတ်လိုက်တာပေါ့၊ ဒီလောကသုံးပါးကို. . . ဘယ်သူပြောလို့

အခုတရားထဲမှာထည့်ဟောနိုင်သတုံး. . . မေးလို့ရှိရင်ဖြင့်. . လောကဝိဒူကပြောလို့သိတာ. . ။

လောကဝိဒူဆိုတော့ ဒီ ဒကာဒကာမတွေက မသိဘူး၊ လောကက လောကသုံးပါးကိုဆိုသည်၊ ဝိဒူက သိသည်၊ အဲဒီ သိတဲ့ပုဂ္ဂိုလ်ကဟောတာ၊ ကိုယ့်အလိုဖြင့် ဘယ်လောကမှမသိဘူးဆိုတာ မှတ်ထားပါ. . . (တင်ပါ့ဘုရား)။

## လောကပြင်ဘက်ထွက်မှ နိဗ္ဗာန်ရမည်

အဲဒီလောကသုံးပါးက သင်္ခါရလောကကလည်း ထွက်မှဖြစ်မှာ၊ ဩကာသလောကကလည်း ကမ္ဘာမီးလောင်ပြောင်လို့ အသေလွတ်ချင်လို့ရှိရင် သူကလည်း ထွက်မှရမယ်၊ သတ္တလောကဆိုတဲ့သတ္တဝါကလည်း ခဏခဏမသာပို့နေရလို့၊ ခဏ ခဏ ဆေးသမားခေါ်နေရလို့၊ သတ္တဝါဖြစ်ရတာလည်း ဆေးသမားနဲ့ မသာပို့ရတာနဲ့၊ တောင်ငေးထောက်မျက်မှန်စွပ်နေရတဲ့ သတ္တဝါတွေဟာလည်း သတ္တလောကလို့ခေါ်တယ်၊ အဲဒီလောကထဲကလည်း ထွက်မှပဲ၊ ဒုက္ခကျွတ်မှာပဲ။

သင်္ခါရလောကကလည်း ဒုက္ခသစ္စာပဲ၊ သူကလည်း ထွက်မှပဲ၊ ဩကာသလောကကလည်း နောက်ဆုံးပိတ်ပျက်စီးခြင်းလမ်းဆုံးသွားတာပဲ၊ သူလည်း ဒုက္ခသစ္စာပဲ။

ဒါဖြင့် လောကသုံးပါးက မထွက်နိုင်သေးသ၍ ကာလပတ်လုံး ဒကာဒကာမတွေမှာတဲ့၊ နတ်ဘုံတက်လိုက် ပြန်တော့ ဩကာသလောကကြိုက်တယ်၊ လူ့ဘုံတက်လိုက် ပြန်တော့ ဩကာသလောကကြိုက်တယ်၊ ငါးက ရေကြိုက် လိုက်ပြန်တော့ ရေက၊ ဩကာသလောက၊ ပုရွက်ဆိတ် မြေ ကြိုက်ပြန်တော့လည်း မြေက ဩကာသလောက၊ ဩကာသ လောကကလည်း တော်ကြာပြောင်တာပဲ။

နေတွေများ နှစ်စင်း၊ သုံးစင်း၊ ငါးစင်းလောက်ထွက် တယ်ဆို ပြောင်သွားတာ၊ ဘာမှ မကျန်တော့ဘူး။

အဲတော့- ဒီလောကသုံးပါးထဲမှာ ဘယ်နေရာနေလို့ ခိုကိုးရာ၊ မှီခိုရာ၊ အားထားရာ ဖြစ်ပါ့မလဲလို့. . မရှာပါနဲ့ဆို တာ ဒီနေ့ညတရားကပိတ်ပင်လိုက်တယ်၊ လောကသုံးပါးကို မရှာနဲ့ . . . (တင်ပါ့ဘုရား)။

လောကရှာလို့ရှိရင်ဖြင့် . . . ဘယ်လောကဖြင့် ကောင်းတယ်လို့ ထင်မှတ်မှားလို့ရှိရင်ဖြင့် ပျက်စီးပွဲနဲ့ နွဲရမှာပဲ လို့ မှတ်ရမယ်။

## မြတ်စွာဘုရားကတော့ လောကထဲနေပေမဲ့

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လောကထဲနေငြားသော်လည်း ငါလောကနဲ့မရောဘူးကွ၊

လောကထဲနေငြားသော်လည်း ငါ လောကနဲ့ မရောဘူး၊ သူများငိုလို့လည်း ငါ့ငိုစရာမရှိဘူး၊ သူများပျက်စီးသလိုလည်း ငါ့ပျက်စီးစရာမရှိဘူး၊ ဒီတစ်ခါပျက်ပြီး နောက်ပျက်စရာမရှိတော့ဘူး၊ ဩကာသလောကထဲလည်း ငါလွတ်သွားပြီ၊ ဘယ်ကမ္ဘာပျက်မှ ငါမပါတော့ဘူး။

ဘယ်မသာမှုလည်း ငါ့ကိုနာမည်တပ်ပြီး ဆိုင်းဘုတ်ဆွဲပြီးချစရာမရှိတော့ဘူး၊ ဘယ်ရုပ်နာမ်မှမရှိလို့ သင်္ခါရလောကအောက်မှလည်း ငါထွက်သွားပြီ. . . ဆိုသဖြင့် လောကပြင်ဘက်ကို ဒီဒကာဒကာမတွေ မထွက်နိုင်သ၍ ကာလပတ်လုံး၊ ဘယ်လောကမဆို ဒုက္ခလမ်းဆုံးတယ်လို့ မှတ်ထားလိုက်လို့ရှိရင် သြော်- တို့ကလည်း ဖျင်းလိုက်တာ၊ လူလောကမကောင်း၊ နတ်လောကပြောင်း၊ လောကဟူသ၍ဟာ ပျက်စီးခြင်းလမ်းဆုံးတယ်။

ဘယ်ကလာ တို့က အကောင်းရှာနေသလဲဆိုတော့ သြော်- မျက်စိလည်တဲ့ပုဂ္ဂိုလ်လမ်းမှားတဲ့ပုဂ္ဂိုလ်မို့ ချောက်ကျတာပဲလို့မှတ်ရမယ်၊ လောကသုံးပါးမှာ ဘယ်လောကမှ မရှာပါနဲ့၊ ဘယ်လောကမှအန္တရာယ်ကင်းလို့ ဘေးရှင်းတာမရှိဘူးဆိုတာ အစ်မတို့မှတ်ထားရမယ်. . . (မှန်လှပါဘုရား)။

**နိုင်ရာစားဘဝ**

အဲတော့- လောကဝိဒူက ပြောလို့သိတယ်လို့ မောင်ချစ်ဆွေကမှတ်ကွ. . . (တင်ပ့ါဘုရား)၊ လောကဝိဒူက သာ မပြော ခဲ့ပါဘူးလို့ဆိုလို့ရှိရင်. . . ငှက်ကလေးတွေလို ဖြစ်နေကြလိမ့်မယ်. . . ငှက်ကလေးတွေကောင်းကင်မှာ ကလေးတွေက သားရေပတ်လေး လေးတွေနဲ့ ပစ်လိုက်တဲ့ အခါ ချုံထဲပြေးတယ်၊ ချုံထဲမှာကျတော့ ချုံကလည်း ဩကာသလောကပဲ၊ အဲဒီချုံထဲလည်း သေနိုင်တာပဲ၊ သူ့ဖမ်းစားမဲ့သတ္တဝါတွေက ရှိနေတယ်၊ ဒီကပစ်လိုက်တဲ့ လက်နက်နဲ့မသေလည်း ဟိုမှာ သူ့လာတဲ့အချိန် ဖမ်းစားမဲ့ သတ္တဝါတွေက ရှိနေတယ်။

နိုင်ရာစားတွေကရှိနေတော့ တစ်လောကက တစ် လောက ပြောင်းလိုက်ရင် သေပွဲရှိတာပဲ၊ ဒါကြောင့် ဩကာသ လောကပြောင်းလည်း သေပွဲနွဲရတယ်ဆိုတာ မှတ်ရမယ်. . . (တင်ပ့ါဘုရား)။

သင်္ခါရလောကပြောင်းချင်ရင်ကော. . . (သေပွဲသာ နွဲရမှာပါဘုရား)၊ ဒါပဲရှိတာပဲ၊ သတ္တလောက လူသတ္တဝါမှ အသက်ရှည်တယ်၊ ဗြဟ္မာသတ္တဝါတွေများ ကမ္ဘာပေါင်းရှစ် သောင်းလေးထောင်၊ အသက်ရှည်တယ်ဆိုပေမယ့်လည်း၊ သင်္ခါရလောကနယ်ကျတော့၊ မျက်စိတစ်မှိတ်မှာ ရုပ်ဖြင့်

ကုဋေငါးထောင်ကျော်ပျက်ရဲ့၊ နာမ်ဖြင့် ကုဋေတစ်သိန်းပျက်ရဲ့၊ သင်္ခါရလောကကျတော့ မထူးတော့ဘူး။

## ဘယ်လောကမှ မပြောင်းပါနဲ့ အတူတူပဲ

ဒါဖြင့်- ဘယ်လောကပြောင်းရ၊ ရွှေ့ရ၊ နေရထိုင်ရလို့ရှိရင် သင့်မြတ်ပါ့မလဲဆိုတဲ့စိတ်ကူးဟာ ယနေ့ညဖျောက်ရမယ်. . . (တင်ပါ့ဘုရား)၊ ဘယ်လောကမှမပြောင်းပါနဲ့ဆိုတာလည်း သတိပေးလိုက်တယ်။

ပေးချင်လို့ပေးရတာလားဆိုတော့. . . လောက၏အကြောင်းကောင်းကောင်းသိလို့ ပေးတယ်လို့မှတ်ထားလိုက်စမ်းပါ၊ လောက၏အကြောင်း ကောင်းကောင်းသိတဲ့ ကိုယ်တော်ကြီးကပြောလို့ ခင်ဗျားတို့နည်းရပြီ။

ဩော် ဒကာဒကာမတွေက လောကထဲမှာ အောက်တန်းမနေချင်ပါဘူး၊ ရှေ့တန်းကနေချင်ပါတယ်ဆိုပြီး သူသြကာသလောကထဲပြောင်းတာပဲ ပြောင်းပင်ပြောင်းငြားသော်လည်း သူပြောင်းတဲ့နေရာက အန္တရာယ်ကင်းလို့ ဘေးရှင်းသလားလို့မေးတော့ အတူတူပဲ. . . (မှန်ပါဘုရား)။

ဒီမှာလည်း ဝေဒနာရတာပဲ၊ ဟိုမှာလည်း ဝေဒနာရနိုင်တာပဲ၊ ဟိုမှာလည်း သေနိုင်တာပဲ၊ ဒီမှာလည်း သေနိုင်တာပဲ၊ ဒီ ဒိဋ္ဌိချည်းပြောင်းနေကြတာလို့ မှတ်လိုက်ကြပါ. . .

(တင်ပါ့ဘုရား)၊ ဩကာသလောက ဘုံပြောင်းနေကြတာ . . . (တင်ပါ့ဘုရား)။

သို့သော် ပုထုဇဉ်တဏှာကတော့ မသိရှာတော့ ဟိုမှာလည်း ရှုပ်ရှုပ်ရှက်ရှက်နဲ့ နားမချမ်းသာဘူး. . . (တင်ပါ့ဘုရား)၊ ဒီမှာ နားချမ်းသာတယ်၊ ဟိုမှာ နားမချမ်းသာတဲ့၊ ဒုက္ခဝေဒနာလည်း ပျက်တယ်၊ ဒီမှာ နားချမ်းသာတဲ့ သုခဝေဒနာလည်း. . . (ပျက်တာပါပဲဘုရား)။

ဟိုဘက်သင်္ခါရလောကလည်းပျက်တာပဲ၊ ဟိုမှာရှိတဲ့ သင်္ခါရလောကဆိုတဲ့ ဝေဒနာလည်းပျက်တာပါပဲ၊ ဒီရောက်လာလည်း နားချမ်းသာတာဆိုတဲ့ သုခဝေဒနာလောက သင်္ခါရလောကကလည်း ပျက်တာပဲ။

အလကား. . ရသေ့စိတ်ဖြေလှည့်ပြေးနေတာပဲရှိတယ်. . . ချမ်းသာစစ်ရှာတတ်လို့ရှာတဲ့ သဘောမဟုတ်ပါဘူး. . . ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ရွှေ့ချင်တဲ့ဆီရွှေ့. . . ဒီဩကာသလောကဆိုတဲ့ ဘုံတွေကို လယ်ယာဌာန အိမ်ရာထိုင်ခင်းတွေကို ပြောင်းချင်တဲ့နေရာပြောင်း၊ ဒီသင်္ခါရလောကကြီးက ပျက်လျက်ပဲ၊ ဩကာသလောကကလည်းပျက်မှာပဲ၊ သတ္တလောကကလည်း မသာချရမှာပဲ။

အဲတော့- ဘယ်နေရာပြောင်းရွှေ့ရရင် ကျုပ်တို့

တော်ပ့ါမလဲဆိုတဲ့ဥစ္စာ၊ လောကသုံးပါးထဲမှာ မရှာနဲ့လို့ ပိတ်ပင်တယ်၊ နားလည်ကြပလား. . . (နားလည်ပါတယ်ဘုရား)။

လောကသုံးပါးတော့. . . (နားလည်ပါတယ်ဘုရား)၊ ဘယ်နေရာမှတော်လိမ့်မယ်ဆိုတာကို အောက်မေ့ပြီးသကာလ. . အရှာမလွဲပါနဲ့ဆိုတာ သတိပေးလိုက်တယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဟိုနေရာ အိမ်ဆောက်၊ ဒီနေရာအိမ်ဆောက်၊ ဟိုနေရာမှ အကျိုးပေးတယ်၊ ဒီနေရာမှအကျိုးပေးတယ်၊ အလကားပြောနေတာ၊ ဟိုနေရာမှာ ဩကာသလောကကလည်း ပျက်မှာ၊ သင်္ခါရလောကဆိုတဲ့ ရုပ်နာမ်တွေကလည်း ပျက်မှာ. . . သတ္တလောကဆိုတဲ့ ခန္ဓာကြီးကလည်း ဟိုနေရာလည်း မသာပို့ရတယ်၊ ဟိုနေရာလည်း သေနိုင်တာပဲ၊ ဒီနေရာလည်း သေနိုင်တာကြောင့် မသာလောင်းရှိရင်ဖြစ်နိုင်တာချည်းပဲ. . . (တင်ပါဘုရား)။

## လောကနားမလည်တဲ့ပုဂ္ဂိုလ်

ဒါဖြင့် ခင်ဗျားတို့ ပြောင်းကြရွှေ့ကြ နေကြထိုင်ကြ ဒီနေရာဘာဖြစ်တယ်၊ ဟိုနေရာ ဘာမဖြစ်ဘူးဆိုတာ၊ ဒီနေရာက မြေခံမကောင်းဘူး၊ ဟိုနေရာက မြေခံကောင်းတယ်၊ ဒီနေရာက အပေါင်းအသင်းမကောင်းဘူး၊ ဟိုနေရာက

အပေါင်းအသင်းကောင်းတယ်ဆိုတာ ဩော်- လောကနား မလည်တဲ့ပုဂ္ဂိုလ်တို့၏ စခန်းသွားနေတဲ့လမ်းစဉ်ပါလားလို့ မောင်ချစ်ဆွေ က မှတ်ရာယ်. . . (တင်ပါဘုရား)။

အစ်မတို့ ရှင်းရဲ့လား. . . (ရှင်းပါတယ်ဘုရား)၊ လောကနားမလည်တဲ့ပုဂ္ဂိုလ်၏ စခန်းသွားနေတဲ့အလုပ်စဉ်တွေ မှတ်ရမယ်. . . (တင်ပါဘုရား)။

နားမလည်တော့ ဟိုနေရာကောင်းနိုးနိုး၊ ဒီနေရာကောင်းနိုးနိုး၊ ဟိုလူနဲ့ပေါင်းကောင်းနိုးနိုး၊ ဒီလူနဲ့ပေါင်းကောင်းနိုးနိုး၊ ပေါင်းချင်တဲ့လူနဲ့ပေါင်း၊ မသာနဲ့တွေ့ရမှာပဲ၊ ပေါင်းတဲ့ပုဂ္ဂိုလ်၊ အပေါင်းခံတဲ့ ပုဂ္ဂိုလ်က မသာပဲ၊ ပေါင်းတဲ့ပုဂ္ဂိုလ်ကလည်း ဒီပုဂ္ဂိုလ် ဒီအချိုးပဲ။

## လောကကြီးထဲလှည့်ပြေးနေတယ်

ဒီလောကတွေထဲ ပြောင်းနေလို့ထူးဦးမှာလား. . တစ်ဘုံနဲ့တစ်ဘုံပြောင်းလဲ. . . (မထူးပါဘူးဘုရား). . . ဒါဖြင့် လောကကြီးထဲ လှည့်ပြေးနေတဲ့ဥစ္စာဖြင့် ဩော်. . . ဒီဒကာဒကာမတွေ လောကကြီးထဲပဲ လှည့်ပြေးတတ်တယ် လောကအပြင်ဘက်. . . ရှာမှမရှာတတ်တော့ သေရွာပြောင်းတာနဲ့. . . အနာရကြလို့ ပြောင်းတာနဲ့ ဒါပဲရှိတာပဲ. . .

ဟိုနေရာက ဒီအနာမပေါက်ဘူး. . . ဒီနေရာတော့ ဒီအနာသာပေါက်တယ် ဟိုအနာမျိုးမရှိဘူး. . . အစရှိသည်နဲ့ ဖြစ်နေတဲ့ဥစ္စာ ဒီခန္ဓာကြီးက သင်္ခါရလောက ခန္ဓာကြီး. . ပျက်နေတော့ ဘယ်နေရာမှ မျက်စိတစ်မှိတ် အသက်ရှည်တယ်လို့ မရှိဘူး. . .

## လောကသိတဲ့ဉာဏ်မရလို့

ဟိုနေရာလည်း ဖြစ်လိုက် ပျက်လိုက် ခဏပဲ. . . ဒီနေရာလည်း ဖြစ်လိုက်ပျက်လိုက် ရုပ်နာမ်ကတော့ဖြင့် ဘယ်ရွှေ့သွားသွား ထူးကြသေးရဲ့လား. (မထူးပါဘူးဘုရား)။

ဒါဖြင့် လောကကြီးထဲ ဟိုနေရာကောင်းနိုးနိုး ဒီနေရာကောင်းနိုးနိုး ပြောနေတာ ဘာပါလိမ့်မလဲဆိုတော့. . လောကဝိဒူ. . . လောကသိတဲ့ဉာဏ်မရလို့ပဲ. . . နားလည်ကြပလား. . . (နားလည်ပါတယ်ဘုရား). . . ဘာဉာဏ်မရလို့တုံး (လောကသိတဲ့ဉာဏ်မရလို့ပါဘုရား)။

## နွားခြံထဲကနွားလို

နေရာရွှေ့ကြ ဘုံပြောင်းကြ. . . ခန္ဓာကိုယ် အမျိုးမျိုး အဖုံဖုံပြုပြင်ကြ. . . ဘယ်လိုပြုပြင်၊ ပြုပြင် ဒီထဲလှည့်ပြေးနေတော့. . . နွားခြံထဲမှာ သတ်မလို့ ဖမ်းတဲ့

နွားဟာ. . . ခြံလှောင်ပြီးသားဖြစ်နေတော့ သူပြေးနိုင် ခြံတစ်ပတ်ပဲ ပြေးနိုင်မှာပဲ. . . တော်ကြာ နွားသတ်သူ လက်ထဲကို ရောက်မှာပဲ. . . နွားခြံထဲ လှောင်ထားတာ သတ်မလို့ လှောင်ထားတာ. . . သတ်ခါနီး ဖမ်းတဲ့ဥစ္စာ ကျတော့ သူကြောက်လို့ ပြေးငြားသော်လည်း ဒီခြံ တစ်ပတ် အပြင် ပြေးနိုင်ရဲ့လား. . . (မပြေးနိုင်ပါဘူးဘုရား)

ဒီမှာ ဟိုပြောင့်း ဒီပြောင်း ပြောင်းကြသော်လည်း ခြံတစ်ပတ်ပဲ ပြေးနိုင်တာပါ. . . ဒို့ပြင် ပိုပြေးနိုင်သေးရဲ့ လား. . . (မပြေးနိုင်ပါဘူးဘုရား)။

အဲဒါကြောင့်. . . လောကကြီးထဲမှာဖြင့်. . . ပြောင်းရွှေ့ပြီးနေလို့ အန္တရာယ်ကင်း၊ ဘေးရှင်းမဖြစ်ဘူး ဆိုတာ ယနေ့ည-တရားမှာ မှတ်ရမယ်. . .

လောကပြင်ဘက် ပြေးနိုင်တဲ့ပုဂ္ဂိုလ်ဖြင့်. . . အန္တရာယ်ကင်း ဘေးရှင်းဖြစ်လိမ့်မယ်. . . လောကကြီးထဲ လှည့်ပြေးနေတဲ့ ပုဂ္ဂိုလ်ဖြင့်. . . လောကသုံးပါးထဲ လည်ပြေးနေတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိရင်ဖြင့်. . . ဩော် မသာမြှုပ်ရာဌာနရှာတာတစ်မျိုးပဲသာမှတ်ရမယ်. . . သဘောပါပလား. . . (ပါပါပြီဘုရား)။

လောကကြီးထဲ လှည့်ပြေးနေတဲ့ ပုဂ္ဂိုလ်ကတော့ ဟိုနေရာ ကောင်းနိုးနိုး. . . ဒီနေရာ ကောင်းနိုးနိုးဆိုတာက

ကိုယ့်မြှုပ်ရာတွင်းရှာတာနဲ့ အတူတူပဲ. . . (တင်ပါဘုရား)။

ဒါ သေချာဉာဏ်နားနဲ့ထောင်မှ. . . ဟိုနေရာမှ ကြိုက်တယ်. . . ကျုပ်က ဒီနေရာတော့ မကြိုက်ဘူးဆိုတဲ့ အသွားတွေဟာက လောကနားမလည်တဲ့ ပုဂ္ဂိုလ်၏ အသွားတွေ. . . ရိုပ်မိပလားကွ. . . (ရိပ်မိပါပြီဘုရား)။

## သူ့စိတ်သူ၊ ရသေ့စိတ်ဖြေလှုပ်နေတာ

အဲဒါကြောင့် ဆရာကောင်း သမားကောင်း. . . အသိဉာဏ်ပေးတဲ့ ပုဂ္ဂိုလ်၏အကြောင်း. . . မသိကျတော့ကို. . . ဘုန်းကြီးဖြစ်စေ. . . လူဖြစ်စေ. . . ဒီကျောင်းက ခိုက်သလိုလို. . . ဒီအိမ်က ခိုက်သလိုလို. . . ခုမှပဲ အန္တရာယ်ကင်းသွားသလိုလို. . . အပြီးသတ်တော့ ဘာမှ သူတို့က ခိုက်တာမဟုတ်ဘူး. . . လောကကြီးထဲ လျှောက်ပြေးနေတဲ့ပုဂ္ဂိုလ်မို့. . . အထင်လွဲ အမြင်လွဲနဲ့ သူ့စိတ်ကိုသူ ရသေ့စိတ်ဖြေလုပ်နေတယ်လို့ မှတ်ရမယ်. . . (တင်ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ရသေ့စိတ်ဖြေလုပ်နေတာမှတစ်ပါး ဘာများသူ့မှာ အမြတ်အစွန်းထွက်သေးတုံး. . . (ဘာမှမထွက်ပါဘူးဘုရား). . . ခုနက စိတ်ဓါတ်ပြင်းပြင်းနဲ့ ဟန်စွယ်မာန်ဆွယ်လုပ်နေတဲ့ အခါကျတော့. . . မြေရွေးသွားတာနဲ့ တယ်တူ

တာပဲ. . . ဒီနေရာဖြင့် မသေချင်ဘူး. . . ဟိုနေရာဖြင့် သေမယ်ဆိုတဲ့ အဓိပ္ပာယ်မှတစ်ပါး ဘာမှမရှိတော့ဘူးဆိုတဲ့ အဓိပ္ပါယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲဒါဖြင့် ယနေ့ည လောကအကြောင်း ကောင်းကောင်းသိပြီ (သိပါပြီဘုရား) လောကအကြောင်း ကောင်းကောင်းသိတော့ကို. . . အင်း-လောကဖြင့် ဘယ်လောကမှ အကောင်းမရှိပါလား. . . အဆိုးချည်းပါလားဆိုတာ ပေါ်သွားတယ် (တင်ပါဘုရား)။

တို့သည် ရှာခြင်းရှာရင် လောကအပြင်သာရှာတော့မယ်ဟေ့. . . လောကကြီးထဲ အကောင်းမရှိတာ ယနေ့ည ကောင်းကောင်းသိပြီ. . . လောကသုံးပါးထဲမှာဖြင့်. . . အသေလွတ် ဆင်းရဲလွတ်မရှာလေနဲ့. . . မရှိတဲ့အထဲ ရှာတာနဲ့ တူတယ်. . . ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

မရှိတဲ့အထဲရှာရင် ဘာရမတုံး. . . (ဘာမှမရပါဘူးဘုရား) လောကကြီးထဲ လျှောက်ရှာနေတာဟာ. . . ဘာများရမတုံးလို့ မေးလိုက်တော့ နောက်ဆုံးပိတ်စကားပြောလိုက်တော့. . . ကိုယ်မြှုပ်ရာနေရာမှတစ်ပါး အသေလွတ်တော့ မဖြစ်နိုင်. . . (တင်ပါဘုရား) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## လောကအပြင်ရောက်တဲ့ပုဂ္ဂိုလ်ဖြစ်ပါစေ

ဒါဖြင့် လောကဝိဒူဖြစ်အောင် မင်းတို့ ယနေ့ည ဟောနေတာပဲ. . . (တင်ပါဘုရား). . . လောကကြီးသိတဲ့ ပုဂ္ဂိုလ်၊ လောက က လောကသုံးပါး၊ ဝိဒူက- သိတာ လောက သိတဲ့ပုဂ္ဂိုလ်တွေထဲ အပါအဝင်ဖြစ်ပါစေတော့ဆိုတော့. . . နိဗ္ဗာန်သွားတဲ့ လောကအပြင်ဘက်မှာ ရောက်နေတဲ့ ပုဂ္ဂိုလ် တွေထဲသို့. . . အပါအဝင်ဖြစ်ပါစေတော့ ထွက်ပါစေတော့ . . . အရှာဖြင့် မလွဲပါစေနဲ့. . . ရယ်စရာကြီးဖြင့် မလုပ်ပါ စေနဲ့၊ ရသေ့စိတ်ဖြေဆိုတဲ့အလုပ်ကို အဟုတ်ကြီးသကာလ ထင်ပြီးတော့ မနေပါစေနဲ့ဆိုတဲ့ အသွားနဲ့. . . ယနေ့ည ဒီတရားဟောတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်. . . ဘယ်နေရာဘယ်ဌာနရောက်မှ တော်ပါ့ မလဲဆိုတဲ့အခါကျတော့ လောကအပြင်ဘက် ရောက်မှပဲ . . . လောကဒဏ်ချက်လွတ်တော့မယ်. . . လောကအပြင် ဘက်မရောက်သေးရင် လောကဒဏ်ချက်ကဖြင့် (မလွတ် သေးပါဘုရား)။

## လောကခံတရားရှစ်ပါး

ဒါကြောင့် လောကခံတရား ရှစ်ပါး. . . (တင်ပါ ဘုရား) လောကထဲနေတဲ့ပုဂ္ဂိုလ် ဒီရှစ်ပါးသိရမယ်. . .

"နိဗ္ဗိပသံသံ သုခံဒုက္ခံ လာဘော အလာဘော ယသော အယသော" တစ်ခါတလေရတာလည်း ရှိတယ်. . . တစ်ခါတလေ မရတာလည်း ရှိတယ်. . . တစ်ခါတလေ လာဘ်ဝင်တာလည်းရှိတယ် လာဘ်မဝင်တာလည်းရှိတယ်. . . တစ်ခါတလေ အခြံအရံများတာရှိတယ် တစ်ခါတလေလည်း အခြံအရံမများဘူး. . .

တစ်ခါတလေ ကဲ့ရဲ့ခြင်းခံရတယ်. . တစ်ခါတလေ သူများတွေ ချီးမွမ်းခြင်းခံရ. . . တစ်ခါတလေ သုခချမ်းသာ နေရင်းနဲ့ တစ်ခါတလေ. . . ဒုက္ခနဲ့ သေပွဲဝင်ကြရတယ်။

ဒါဖြင့် လောကထဲမှာ ဘယ်လောကထဲနေနေ. . . ဒီရှစ်ခုသောဒဏ်ချက်က မလွတ်တမ်းခံရမှာပဲ. . . (တင်ပါဘုရား)။ ဒါဖြင့် ဘယ်လောကကြိုက်ကြတုံး. . . (ဘယ်လောကမှ မကြိုက်ပါဘူးဘုရား)။

## လောကပြင်ဘက်ရောက်မှလွတ်မယ်

ဘယ်လောကထဲနေနေ ရှစ်ချက်သော ဒဏ်ချက်နဲ့ အသက်ထွက်ရမယ်ဆိုတာ သေချာမှတ်ရမယ်. . . လောကထဲနေမိလို့ရှိရင် ဒဏ်ရှစ်ချက် သင့်လိမ့်မယ်ဆိုတာဖြင့် အစ်မပေါ်သွားပြီ. . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် လောကအပြင်ဘက်မှာမှပဲ ဒဏ်ရှစ်ချက်

လွတ်တော့မှာပဲ. . . လောကခံရှစ်ပါး လွတ်မှာကိုး. . . (တင်ပါဘုရား) လောကပြင်ဘက်ကို မပြေးနိုင်တဲ့ ပုဂ္ဂိုလ်ဖြင့် ဒီရှစ်ချက်လှည့်ခံရုံပဲ သဘောပါကျပလား. . . (သဘောပါပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ ဒီနေရာအကျိုးမပေးဘူး ဟိုနေရာမှ အကျိုးပေးတယ်. . . ကျုပ်တို့ ဒီနေရာရောက်မှ အားလုံးပဲ ဖျားကြတယ်. . . ဟိုနေရာရောက်တော့ အန္တရာယ်ကင်းကြတယ်. . . ဒီထဲပြေးနေပြီးသကာလ ဒီဖြစ်ပျက်က အမြဲရိုက်နေတဲ့ဥစ္စာကို ဘယ်နေရာက အရိုက်လွတ်မှာတုံး လောကထဲနေတဲ့ဥစ္စာ. . . (ဘယ်နေရာမှ အရိုက်မလွတ်ပါဘူးဘုရား)။

## လောကဝိဓုဉာဏ်ကိုမရလို့

ဘယ်နေရာမှ အရိုက်မလွတ်တာကိုပင်လျှင် တောင်ပြောမြောက်ပြောနဲ့ လောကနားမလည်လို့ လောကဝိဓူဉာဏ်ကို မရလို့. . . တောင်ပြောမြောက်ပြော ပြောနေတာ. . . (တင်ပါဘုရား) ရှင်းရဲ့လားကွ. . . (ရှင်းပါတယ်ဘုရား)။

လောကကြီးအကြောင်း နားမလည်တာနဲ့ တောင်ပြောမြောက်ပြောနေတာပဲ. . . ဒါကြောင့် ပုထုဇဉ်တို့

ပြောနေတဲ့ စကားဟာဖြင့်. . . အရှုးစကားပဲလို့ ဆုံးဖြတ်ချက်ချပါ တစ်လုံးမှအမှန်မပါဘူး. . . တချို့များအိမ်ထဲဆင်းတဲ့အခါကျတော့ မြေတွေများထွန်သွားတွေနဲ့ လှန်ကြသေးရဲ့လား. . . ဒီလောကကလည်း ပျက်တတ်တဲ့ လောကပဲ. . . ဒီနေရာမှာနေရင် ဒီနေရာမှာ အသက်ဆုံးရှုံးမှာပဲ မလှန် လှန်လှန် ထူးသေးရဲ့လား (မထူးပါဘူးဘုရား)။

## လူကြီးမိုက် မိုက်နေတာ

သို့သော် လောကအကြောင်း နားမလည်တဲ့ ပုဂ္ဂိုလ်ကတော့ လောကကြီးထဲနေရင် ဖြစ်မှုပျက်မှု. . . လောကဓံ ရှစ်ချက်နဲ့ အသက်ထွက်မှု ဝိညာဏ်ချုပ်မှု. . . ဒါပဲရှိတယ် ဆိုတာ မသိတော့. . . လောကကြီး သူတို့က ရသေ့စိတ်ဖြေ လှည့်စားတယ်. . . ကလေးအငိုတိတ်အောင်လို့ ပြောတဲ့ စကားမျိုး ဖြစ်နေတယ်. . . အဲဒီလောက်ကျအောင် လူကြီး မိုက် မိုက်နေကြတာဟာ ဘာဖြစ်လို့ ဒီလောက်ကျအောင် အမိုက်ကဲရပါသလဲဆိုတော့. . . လောကဝိဒူ လောကကြီး ကိုသိတဲ့. . . ဝိဒူကသိတာ လောက က လောက လောက သိတဲ့ဉာဏ်မရတာနဲ့ မိုက်တွင်းနက်နေတာလို့ မှတ်ရမယ်။

(ကလေးငယ်ငယ် လူကြီးတွေကလည်း အစဉ် လျှောက်ပြီးဆုံးမထားတာပါဘုရား. . . ) အဲဒါ လောကဝိဒူမှ

မဟုတ်ပဲကို လောကဝိဓူမဟုတ်တော့ကို. . . မျက်လုံးကန်းက တောင်ဝှေးဆွဲ. . .

မျက်လုံးတစ်ဘက်မမြင်တဲ့ ပုဂ္ဂိုလ်က တောင်ဝှေးဆွဲ စုံလုံးကန်းက နောက်ကလိုက်ဆိုတော့ဖြင့်. . . ဒီအသွားမှ တစ်ပါး. . . ဒီဥပမာမှတစ်ပါး ဘာမှ ပြောစရာမရှိဘူးတဲ့ အကန်းဆင်ပြသလို ဖြစ်နေတယ်. . .

## အကန်းဆင်ပြသလို

အကန်းဆင်ပြတော့ လက်မောင်းကိုင်မိတဲ့သူက ဘူးနွယ်ကြီးနဲ့တူတယ်. . . ဗိုက်ကိုင်မိတဲ့သူက ဆင်ဆိုတာ စဉ်းအိုးကြီးနဲ့တူတယ် ပြောချင်ပြောနေမှာ. . . (တင်ပါဘုရား)။

အဲဒါတွေ ခေါင်းဆောင်ထားလိုက်တော့. . . အကန်း ခေါင်းဆောင်ထားတော့ကို. . နောက်ကလူကလည်း မမြင်သေးတော့ ဆင်ဦးစီးလိုပဲ. . . ဒီလိုဖြစ်နေကြတာ။

အဲဒါကြောင့်. . . ဒီလောကကြီးထဲမှာဖြင့်. . . အရှူးခေါင်းဆောင်ပြီး. . . အနှမ်းနောက်လိုက်ဖြစ်နေတယ် ဆိုတာတော့ဖြင့် သေချာပြီ. . . လောကဝိဓူမပေါ်မချင်း. . အရှူးခေါင်းဆောင် အနှမ်းနောက်လိုက် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

လောကဝိဒူပေါ်လာတဲ့အချိန်လေးမိလိုက်ရင် ဒါ လောကအပြင်ဘက်မှာ. . လမ်းစ,လေးပေါ်လာတာပဲ. . . (တင်ပါဘုရား)။

လောကဝိဒူ မပေါ်သေးသ၍ ကာလပတ်လုံးဖြင့် . . . အရှေ့ခေါင်းဆောင် အနှမ်းခေါင်းဆောင်မှတပါး မောင်ချစ်ဆွေ ဘာမှမရှိဘူး. . . (တင်ပါဘုရား)။

## ရှေးလူကြီးတွေဆိုတာ

အဲဒါမင်းပြောတဲ့ ရှေးလူကြီးတွေ. . . လောကဝိဒူ မဟုတ်တဲ့ ပုဂ္ဂိုလ်တို့၏လမ်းကို လောကဝိဒူမဟုတ်တဲ့ ပုဂ္ဂိုလ် က လိုက်နေတယ်. . . (တင်ပါဘုရား) လောကဝိဒူ မဟုတ် တဲ့ ပုဂ္ဂိုလ်က ရှေ့သွားခေါင်းဆောင်လုပ်တယ်. . လောက ဝိဒူမဟုတ်တဲ့ ပုဂ္ဂိုလ်ကပဲ နောက်ကလိုက်တယ်. . .။

ဆိုတော့ အနှမ်းနောက်ကဘာလိုက်ပါ့ငါမှမတုံး မေးတော့ အနှမ်းနောက်က အမှားပဲလိုက်တယ်. . . ဒါကြောင့် လောကဝိဒူဆိုတာ ဘုရားကိုဆိုသည်. . . အဲ ဒီလောကဝိဒူဆိုတာ ဘုရားကို ဆိုသည်. . . အဲဒီဘုရား တစ်ဆူမပွင့်လာလို့ရှိရင်ဖြင့်. . . တစ်သံသရာလုံး ငါတို့ ဘယ်လိုမျှားနေရပါ့လိမ့်မတုံး. . . တစ်ခါတလေ စုံလုံး ကန်းက တောင်ဝှေးဆွဲသွားတာနဲ့. . . စုံလုံးကန်းအဖြစ်နဲ့ သူချောက်တွေကျတော့တာပဲ. . .

တစ်ခါတလေ တစ်ဘက်ကန်းကနေပြီ ဆွဲတာနဲ့ စုံလုံးကန်းတွေလည်း ချောက်တွေကျကြတာ လောကဝိဒူ မလာသ၍ ဒီချောက်နဲ့ ဒီအကန်းနဲ့ဟာ မိတ်ဆွေကြီးပါပဲ. . (တင်ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီချောက်နဲ့ ဒီအကန်းဟာ (မိတ်ဆွေကြီးဖြစ်နေတာ ပါဘုရား). . . မိတ်ဆွေကြီးဖြစ်နေတာပဲ. . . လောကဝိဒူ မပေါ်သေးသ၍ကာလပတ်လုံး ဒီအတိုင်းသွားနေမှာပဲ. . .

## ချောက်နဲ့အကန်းနဲ့မိတ်ဆွေဖြစ်နေတယ်

ဒါကြောင့် မင်းတို့လောကဝိဒူ လောကဝိဒူဆိုတာ ကြုံကြိုက်ဖို့ အတော်ခဲယဉ်းပါလား. . . တစ်ခါမှ မကြုံဘူး တာနဲ့ ချောက်နဲ့အကန်းနဲ့ မိတ်ဆွေဖြစ်နေတာဟာ. . . ဘယ်လောက်ကြာပြီတုံးလို့ မေးလို့ရှိရင်. . . မရေတွက်နိုင် ဘူးဆိုတဲ့ အဓိပ္ပာယ် အဖြေထွက်ဖို့ ရှိတယ်။

ဒီတစ်ခါဖြောင့်ပေးတဲ့ လောကဝိဒူနဲ့ တွေ့ပြန်တဲ့ အခါမှာ အဖြောင့်လိုက်လို့ရှိရင်ဖြင့်. . . ချောက်နဲ့မိတ်ဆွေ ကွဲသွားမှာပဲ. . . အဖြောင့်မလိုက်သေးပါဘူး. . . သူများ လည်း ဒီအတိုင်းနေတာပဲ. . . ကိုယ်လည်း ဒီအတိုင်း နေရ မှာ ဘယ်တတ်နိုင်ပါ့မတုံးဆိုရင်ဖြင့် ဘယ်တော့မှ ဒီချောက်နဲ့ အကန်းနဲ့ဟာ လွတ်ကင်းတော့မှာ မဟုတ်ပါဘူးတဲ့ မိတ်ဆွေ

အဖြစ်သာ ဖြစ်နေတော့မယ်ဆိုတာ. . . ယနေ့ ထူးထူး ခြားခြားမှတ်ရမယ်. . . (တင်ပါဘုရား)။

**လောကနဲ့ငါမရောဘူး**

အဲဒါကြောင့်. . . လောကထဲမှာ နေရငြားသော်လည်း လောကနဲ့ ငါမရောဘူးကွ. . . ငါလောကထဲမှာ မွေးတော့ မွေးတာပဲ သူများတွေလို အမေအဖေက မွေးတာပဲ. . သူများလိုပဲ စားတာသောက်တာပဲ. . . သို့သော် လောကထဲ အသိတွေနဲ့ ငါ့အသိနဲ့ရောကို မရောဘူး (တင်ပါဘုရား)။

ဘာလို့ မရောသတုံးလို့ ဆိုလို့ရှိရင် ငါက ချောက်နဲ့ အကန်းနဲ့ မိတ်ဆွေအဖြစ်မှ လွတ်သွားပြီ. . . (တင်ပ့ါဘုရား) ကျန်တဲ့သူတွေက ချောက်နဲ့ အကန်းနဲ့ မိတ်ဆွေဖြစ်တုန်း ရှိသေးတယ်. . . ဒါဖြင့် ငါကတော့ ကြာနဲ့ရေနဲ့ မရောသလိုပဲ. . . ရေထဲက ပေါ်ငြားသော်လည်း တစ်ခါတည်း ကြာချပ်ကလေးတွေ ဖြေကာ ဖြန့်ကာနဲ့ ကြည့်လိုက်တဲ့အခါကျလို့ရှိရင်. . . ရေမပါသလို. . . လောကကြီးထဲမှာ မွေးငြားသော်လည်း လောကအပြင်ဘက် ငါရောက်ပြီကွ. . .

## ဘုရားကဝမ်းသာတော်မူရှာတယ်

အကန်းနဲ့ချောက်နဲ့တော့ လွတ်ပြီကွာ. . . ဘုရားက ဝမ်းသာတော်မူရှာတယ် ဒီဒကာဒကာမတွေဖြင့် ဒီလောက် ကြီးကျယ်တဲ့ တရားမျိုးကိုလည်း မနာဖူးဘူး၊ ဒီလောက် အသိဉာဏ်မျိုးလုပ်ပေးတဲ့ ပုဂ္ဂိုလ်နဲ့ မကြုံဖူးတော့ ရှေးလူကြီး တွေ ဒီလိုလုပ်သွားတာပဲ. . . ချောက်နဲ့အကန်းနဲ့ တွဲလိုက် ပြန်ပြီ၊ ချောက်နဲ့အကန်းနဲ့တွဲလိုက်တာပဲ။

ချောက်နဲ့အကန်းနဲ့တွဲတာကိုပင်လျှင် တစ်ခါတည်း ဘုရားတစ်ဆူ ဂူတစ်လုံးမှတ်ပြီးသကာလ ကျုပ်တို့ဖြင့် ဒါတော့ မစွန့်နိုင်ဘူး၊ ဘာနဲ့ဘာမစွန့်နိုင်ကာတုံး. . . ကျုပ်တို့ ကလည်းအကန်း ဆွဲတဲ့လူကလည်း အကန်း. . . ဒါကြောင့် ကျုပ်တို့ချောက်ကျပြီပဲ အဲဒီချောက်နဲ့ အကန်းဟာ ကျုပ် တို့ဖြင့် မခွဲနိုင်ဘူးလို့ ပြောတာပဲ. . . ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား) အတော်ဆိုးတဲ့ အဖြစ်ပါလားဆိုတာ မပေါ် လာဘူးလား. . . (ပေါ်ပါတယ်ဘုရား). . . အဲဒါကြောင့် လောကဝိဒူတစ်ယောက်ပေါ်ဖို့. . . လွယ်ကြပ့်မလား. . . (မလွယ်ပါဘူးဘုရား) မလွယ်ပါဘူး စိတ်ဆင်းရဲသွားပြီ. . . ကြာလေဆင်းရဲလေ. . . ကြာလေဆင်းရဲလေ. . . ။

## ဘုရားဟောတရားတွေ၊ ထိုက်တန်တဲ့လူဆီမှာ သာကျန်တယ်

လောကဝိဒူ ကိုယ်တော်ကြီးကလည်း. . . (၂၅၀၀) သူ့စကားတွေကလည်း ဒီလောက် ကျန်နေရစ်သေး. . . ဒါက အားလုံးအပေါ်ကျန်တာမဟုတ်တော့ဘူး. . . အားလုံး အပေါ် ကျန်တာမဟုတ်တော့ဘူး (တင်ပါဘုရား)။

ထိုက်တန်တဲ့ လက်ရွေးစင်လေးပေါ်မှာသာ ကျန်တော့တာ ဒါလည်း ကလျာဏ မိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ ချဉ်းချဉ်းကပ်ကပ် နီးနီးကပ်ကပ် ဒီလို ဆုံးမတဲ့ ပုဂ္ဂိုလ်နဲ့လည်း တွေ့ဦးမှ. . . မတွေ့လို့ရှိရင်လည်း လောကကြီးထဲလျှောက်ပျော်နေတဲ့ တရားတွေနဲ့ တွေ့ရင်လည်း ခက်ဦးမယ်. . . (မှန်လှပါဘုရား). . . ဒီဟာက လောကဝိဒူမှ မဟုတ်ပဲကို. . . (မှန်ပါဘုရား)။

လူ့လောကမကောင်း နတ်လောကပြောင်းနေလိုက်ကွဆိုတာနဲ့ အတူတူပဲ. . သို့မဟုတ် သံသရာ ရှေ့အကျိုးပေးလိမ့်ဦးမယ်ကွ. . . အစရှိသည်နဲ့ ရှေးအပြောတွေ ရှေးအဆိုတွေပေါ့လေ. . .

အဲဒါတွေ လိုက်နာပြီးသကာလ နေတဲ့အတွက် လောကထဲပဲ လှည့်ပြေးနေတာ. . . သတ်မဲ့နွားခြံထဲမှာ

ပြေးပြောသော်လည်း လွတ်ရိုးကျွတ်ရိုးမရှိသေးပါဘူးဆိုတာ မှတ်ရမယ်. . . ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## လောကပြင်ဘက်ထွက်မှ ချမ်းသာမယ်

ဒါဖြင့်. . . လောကအပြင်ဘက်ထွက်မှ အလွတ်ကြီးလွတ်၍ အကျွတ်ကြီးကျွတ်ပြီး အချမ်းသာကြီး ချမ်းသာလိမ့်မယ်ဆိုတာ ယနေ့ညမှတ်ရလိမ့်မယ်. . (တင်ပါဘုရား)။

လောကအပြင်ဘက် မထွက်နိုင်ရင်တော့. . . (မကျွတ်ပါဘူးဘုရား) မရဘူး. . . အဲတော့ ဘုန်းကြီးများက ယနေ့တိုက်တွန်းပါတယ်. . . ခင်ဗျားတို့ကသာ လောကကြီးထဲ လိုက်ပျော်မနေနဲ့နော် ခင်ဗျားတို့ လောကကြီးထဲ မိုက်ပြစ်တွေက နောက်ကလိုက်တယ်. . လောကကြီးထဲ မိုက်ပြစ်တွေက နောက်ကလိုက်ဖြစ်နေတော့ လောကထဲ လျှောက်ပြေးနေတဲ့ပုဂ္ဂိုလ်ဟာ. . . ဟိုသင်္ခါရ လောကဆိုတဲ့ တရားကြီးက နောက်ကလိုက်. . . သတ္တလောကက ရှေ့ကပြေး . . . သတ္တဝါက ရှေ့ကပြေး သင်္ခါရလောကဆိုတဲ့ ကံတွေက နောက်ကလိုက် လွတ်ပါ့မလား. . . (မလွတ်ပါဘူးဘုရား)။

သူပြေးတာက လောကထဲတင် လှည့်ပြေးတတ်တာကို. . . (တင်ပါဘုရား) အဲ သတ္တလောက ကပြေး သင်္ခါရလောက ကနောက်ကလိုက်. . . ဗိုင်းခနဲ သေလိုက်. . .

ဗိုင်းခနဲ အနာကြီးရလိုက်. . . ဒီလိုမနေပေဘူးလား. . . (နေပါတယ်ဘုရား)။

ဩော် လောကပြင်ဘက်. . . မထွက်နိုင်သေးသ၍ ကာလပတ်လုံး. . . သတ္တလောက က လှည့်ပြေး သင်္ခါရ လောကကလည်း သတ်လိုက်ဖြတ်လိုက်. . . ဩကာသ လောကကြီးကလည်း မီးလောင်လိုက်နဲ့ ပြေးသာပြေးတယ် ပွဲထဲပြေးသလို ပြေးနေတာကိုးဗျ. . . (တင်ပါဘုရား)။

ရန်သူလာလို့ပြေးကြစို့ဆိုတော့ ပွဲထဲကလို ဖြစ်နေတာ (တင်ပါဘုရား) ဒီပြင်ဘာမှ မထူးဘူး. . . ရိပ်မိပလား (ရိပ်မိပါပြီဘုရား). . အဲဒီလောက် ဒကာဒကာမတွေက ဆိုးဝါးတယ်. . . မသိမှုများတယ်ဆိုလို့ရှိရင် ငြင်းဖို့လိုသေးလား. . (မလိုပါဘူးဘုရား)။

## လောကအပြင်ဘက်၊ ဘယ်ကနေထွက်ရမှာတုံး

အဲ. . . လောကအပြင်ဘက် ထွက်မှရမယ်. . . ဒါဖြင့် လောကအပြင်ဘက်ထွက်မယ်ကြံတော့ ဘယ်ကနေ ထွက်ရမှာတုံး ဘုရားဆိုတော့ သင်္ခါရလောကကို ကြည့်ပေးပါ. . . (တင်ပါဘုရား) သင်္ခါရလောက ကြည့်ပေးပါ။

သင်္ခါရလောကဆိုတာ ဘာပါလိမ့် ရုပ်နာမ်ကိုဆိုတာ ရုပ်ဆိုတာလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရကလုပ်လို့ ပေါ်

လာတာ. . . နာမ်ဆိုတာလည်း. . . နာမ်ဆိုတာလည်း အာရုံဒွါရကတိုက်ဆိုင်ပြီး လုပ်လိုက်လို့ ပေါ်လာတာ. . . အဲဒီပေါ်လာတဲ့ တရားတွေက သူတို့သူများ ပြုပြင်လို့ ပေါ် လာသောကြောင့် သူ့ကို သင်္ခါရလောကလို့ဆိုလိုက်တယ်. .

အဲဒီသင်္ခါရလောကကလေး၏ သူ့ဖြစ်စဉ်အလိုက်ကို အစအဆုံး ကြည့်ပေးပါ. . . (တင်ပါဘုရား) သူ့ဖြစ်စဉ် အလိုက်ကို အစအဆုံးကြည့်ပေးလိုက်တော့ကို. . . ဒုက္ခ သည်ကလေးမွေးပြီး ဒုက္ခသည်ကလေး ဒုက္ခရောက်တာပဲ ရှိတယ်. . . မွေးလာတာက ဒုက္ခသည်ကလေး သေသွား တဲ့ ငသေသွားတဲ့ ဒုက္ခရောက်မှုနဲ့ပဲ လမ်းဆုံးတယ်. . . ဒုက္ခ သည်မွေး၍ ဒုက္ခရောက်သေတာပဲ. . .

မွေးတော့ ဘာကလေးမွေးလာတုံး. . . (ဒုက္ခသည် ကလေးမွေးပါတယ်ဘုရား). . . သေတော့ ဘာဖြစ်သွား တုံး. . . (ဒုက္ခရောက်သွားပါတယ်ဘုရား) ဒုက္ခသည် ကလေးမွေးတော့ ဒုက္ခရောက်ဝဟက သင်္ခါရလောက. . . (တင်ပါဘုရား)။

ဒါဖြင့် . . . ဒီသင်္ခါရလောကထဲဖြင့် ကိုယ့်အကြောင်း ကိုယ်သိပါပြီ. . . ကိုယ့်ရုပ်နာမ်တွေဟာ ဒုက္ခသည်မွေးပြီး ဒုက္ခရောက်သွားတာရှိတာပဲဆိုသဖြင့် ကိုယ့်ရုပ်နာမ်ကို ဖြစ်မှု သဘောပျက်မှုသဘော. . . ဒါတွေကို ပိုင်ပိုင်နိုင်နိုင်မြင်လို့

ရှိရင်ဖြင့် ဒီသင်္ခါရလောကကြီးထဲ. . . သဗ္ဗေသင်္ခါရ အနိစ္စ ပေါ်သွားတာပဲ. . . ။

## သင်္ခါရလောကဟာ အနိစ္စချည်းပဲ

သင်္ခါရ လောကဟာ အနိစ္စချည်းဆိုပြီးရော. . . သင်္ခါရ လောကဟူသ၍ (အနိစ္စပါဘုရား) ဘယ်ဟာမှ မြဲတယ်လို့ မရှိဘူး ခိုင်တယ်လို့မရှိဘူး တည်တံ့တယ်လို့ မရှိဘူး. . . ပိုင်တယ်လို့ကော (မရှိပါဘုရား)။

အဲဒီလိုမြင်တော့ ကိုင်း ဒီဒုက္ခက ထွက်ပါတော့မယ် ဆိုပြီးသကာလ. . . ဒီလောကမြင်အောင် ကြည့်မှုသည် ယထာဘူတဉာဏ်ပဲ (တင်ပါဘုရား) ပြီးတော့မှ ဒီလောက ကြီး မုန်းရင် နိဗ္ဗိန္ဒဉာဏ် ရမှာပဲ. . . ။

ဒီလောကကြီးကိုဖြင့်. . . အင်း. . . ပေါ်လာက တည်းက ဒုက္ခသည်ကလေးပဲ. . . နောက် ဒုက္ခရောက်သွား တာပဲလို့. . ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိလို့ရှိရင်ဖြင့် တဲ့ ပိုင်ပိုင် သိတဲ့ဉာဏ်လည်း လာရော လောက အပြင်ဘက် ပို့တတ်တဲ့ တရားက ကိုယ့်ဝမ်းထဲ ရောက်လာတာပဲ. . . (တင်ပါ ဘုရား)။

## လောကပြင်ဘက်ပို့တာမဂ္ဂင်

ဒီလိုဆိုလို့ရှိရင်ဖြင့် လောကအပြင်ဘက်ကို ပို့တတ်တာဟာ မဂ္ဂင်ပဲရှိတယ်မှတ်ပါ (တင်ပါဘုရား) လောကမြင်တဲ့ ဉာဏ်သည် လောက၏ အပြစ်ကို မြင်တဲ့ဉာဏ်သည် အပြစ်ကို ဆုံးအောင် လိုက်နိုင်သောကြောင့် လောကပြင်ဘက်ကိုလည်း သူနှစ်ဘက်မြင် ဖြစ်သွားတယ်။

## ဝိပဿနာရှေ့ထားပြီ မဂ်ဉာဏ်ကြိုးစားပါ။

လောကမြင်တာသည် ဝိပဿနာဉာဏ်. . . လောကအပြင်ဘက်ကို မြင်တာသည် မဂ်ဉာဏ်. . . ရှင်းကြပလား. . . (ရှင်းပါတယ်ဘုရား) ဒါဖြင့် လောကမြင်တဲ့ ဉာဏ်မရပဲနဲ့ လောကအပြင်ဘက် သိတဲ့ဉာဏ် ဘယ်နည်းနဲ့မှ မရနိုင်ဘူးဆိုသဖြင့် ဝိပဿနာဉာဏ်. . . ရှေ့ထားပြီး မဂ်ဉာဏ် ကြိုးစားရင် လောကအပြင်ဘက် အသေအချာရောက်တော့ အပြေးမမှားတော့ဘူး၊ အရွှေ့မမှားတော့ဘူး အနေမမှားတော့ဘူး သူများပြောလည်း မယုံတော့ဘူး ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ- ယနေ့ဒီတွင် တော်ကြဦးစို့

သာဓု . . . သာဓု . . . သာဓု . . .။